မြကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့၊ (25-3-2008) (၅၆၃၃)

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်

တပ်မတော်ဟာ အတိတ်နဲ့ပစ္စုပ္ပန်မှာ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သလို အနာဂတ်မှာလည်း ဒို့တာဝန်အရေးသုံးပါးကိုသာ အမြဲထာဝရ ဦးထိပ်ပန်ဆင်သွားမှာဖြစ်တယ်။ ပြည်ထောင်စုကို ဖြိုခွဲသူမှန်သမျှ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖြိုခွဲသူမှန်သမျှ၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးသူမှန်သမျှဟာ နိုင်ငံတော်ရဲ့ ရန်ဆူးရန်ငြောင့်တွေသာဖြစ်ကြောင်း ပြောကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၈ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကရိုလို့စ်ပါပူးလိယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး

တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၃-၂၀၀၈
(အင်္ဂါနေ့)

ဆည်မြောင်းတာတမံများ တိုးချဲ့တည်ဆောက်ဖွင့်လှစ် အထွက်တိုးမျိုးကောင်းမျိုးသန့်သီးနှံများ သီးထပ်စိုက်ပျိုး

စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေဖြစ်သည်။ နိုင်ငံတော်အစိုးရက လိုအပ်သည့်အချိန်တွင် စိုက်ပျိုးရေရရှိရေးနှင့် မိုးရာသီတွင် ရေကြီးနစ်မြုပ်လေ့ရှိသော ဒေသများနှင့် ရေကြီးကွင်း ရေနက်ကွင်းများ ရေဘေး ကာကွယ်နိုင်ရေးတို့အတွက် ဆည်တမံ၊ ရေထိန်းတံခါးများကိုဒေသ၏အခြေအနေပေးမှုများနှင့်အညီ တည်ဆောက်ပေးလျက်ရှိသည်။

ယင်းသို့ဆည်တမံများ တည်ဆောက်ပေးထားမှုကြောင့် ရေသွင်းစိုက်ပျိုးနိုင်သည့်ဧရိယာများပြားလာမှုနှင့်အတူ သီးနှံစိုက်ပျိုးထုတ်လုပ်မှုပမာဏလည်း တိုးတက်လာလျက်ရှိသည်။ ယခုအခါ နိုင်ငံအတွင်း သီးနှံအသားတင်စိုက်ဧရိယာ ဧက ၂၈သန်းကျော်ရှိသည့်အနက် ရေသွင်းစိုက်ပျိုးသည့် ဧရိယာငါးသန်းကျော်အထိရှိလာသည်။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် စိုက်ပျိုးရေလုံလောက်စွာရရှိလာမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ နှစ်စဉ်တိုးတက်လာလျက်ရှိရာ အဓိကသီးနှံ စပါးတင်း သန်း ၁၅၀၀၊ ပဲမျိုးစုံတန်ချိန် ၄၅ သိန်း၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများပါ အထွက်တိုးလာသည်ကို တွေ့ရသည်။

ယခုတစ်ဖန် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကိုမတ်လ ၂၃ ရက်နေ့က ထပ်မံ ဖွင့်လှစ်လိုက်ပြန်သည်။ ခပေါင်း ဘက်စုံရေလှောင်တမံသည် နိုင်ငံတော်၏ ၂၀၉ ခုမြောက်ဆည်မြောင်းစီမံကိန်းဖြစ်သကဲ့သို့ ပဲခူးတိုင်းအတွင်း တည်ဆောက်ပေးထားသော ၄၅ ခုမြောက် ဆည်တမံ စီမံကိန်းလည်း ဖြစ်သည်။

အဆိုပါ ဆည်တမံ တည်ဆောက်ဖွင့်လှစ်လိုက်သည့်အတွက် တောင်ငူနှင့် အုတ်တွင်းမြို့နယ်တို့အတွင်းရှိ ကျေးရွာအုပ်စု ၆၁ ခုမှ လယ်မြေဧကတစ်သိန်းကို စိုက်ပျိုးပေးဝေ အကျိုးပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် ပဲခူးတိုင်းအတွင်း မိုးစပါးဧက သိန်း ၃၀ နှင့် နွေစပါးဧက လေးသိန်း ပြည့်မီကျော်လွန်ရေးတို့အတွက်လည်း အထောက် အကူပြုမည်ဖြစ်သည်။ ခပေါင်း ရေလှောင်တမံသည် ဘက်စုံစီမံကိန်းဖြစ်သဖြင့် စိုက်ပျိုးရေ ဖြန့်ဝေပေးရုံသာမက လျှပ်စစ်ဓာတ်အားများလည်း ထုတ်လုပ် ဖြန့်ဖြူးသွားနိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က လယ်ယာကဏ္ဍ၌ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ ဒေသခံပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးနှင့် အချို့ဒေသများတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည့် ဘက်စုံ ရေလှောင်တမံ စီမံကိန်းများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိရာ ဒေသခံတောင်သူ လယ်သမားများကလည်း အချိန်မီ ရာသီမီ သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုး အထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာ ဘုရားခန်းအတွက် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်ကြီး၏ နာယကအကျိုးဆောင်ဆရာတော် အောင်တော်မူဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) (သဒ္ဓမ္မဇောတိကဓဇ)ကို အမှူးထားကာ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ရတနာပုံလမ်းနေ ဦးသိန်းဟန်-ဒေါ်ခင်မြင့်၊ သား ကိုဌေးအောင်(ခ)ကိုအောင်မျိုးဟန် မိသားစုက အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက၊ ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံသို့ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများအား တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မတ် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးအောင်ကျော်မြင့်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက်များ၊ စက်ရုံအလုပ်ရုံများတွင် ဟောပြောခြင်း၊ သရုပ်ပြခြင်း၊ စစ်ဆေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ကြရေး၊ ယခုကဲ့သို့ ပွင့်လင်းရာသီတွင် မီးဘေးကြိုတင် ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးဌာနမှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးများအား တွေ့ဆုံစဉ်။ (မီးသတ်)

ယင်းနောက် ဝန်ကြီးသည် မီးသတ် ဦးစီးဌာနရှိ မီးသတ်ယာဉ်များ အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်လျင်တောရ (မော်လမြိုင်) ၁၀ ရက် အထူးတရားစခန်း

ရန်ကုန် မတ် ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ် တောင်ဝိုင်းလမ်းရှိ သန်လျင်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန် ၁၀ ရက် အထူးတရားစခန်းကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျေးဇူးရှင် ဓမ္မဝါဒီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ အရှင်သူမြတ်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည် ဖြစ်ပါသဖြင့် တရားအားထုတ်လိုသူ ယောဂီများ ဧပြီ ၇ ရက်အရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

Management Skills in Broadcasting သင်တန်းဆင်း

ရန်ကုန် မတ် ၂၄

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် AIBD၊ FES တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် In Country Workshop on Management Skills in Broadcasting သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် သင်တန်းနည်းပြ Ms. Shanta Nagendram (Director and Principal Consultant of Skill Focus Consultancy, Malaysia)က အမှာစကားပြောကြားကြပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားတစ်ဦးချင်းသို့ ပေးအပ်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က Ms. Shanta Nagendram သို့ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်သည်။ အဆိုပါသင်တန်းသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ သင်တန်းသား စုစုပေါင်း ၂၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၈ ရက်မှ ၂၀ရက်အထိ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် AIBD၊ FES တို့ ပူးပေါင်း စီစဉ်ကျင်းပသည့် In Country Workshop on Management Skills in Broadcasting သင်တန်းဆင်းပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာ သင်္ကြန် ၁၁ ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၄

မန္တလေးမြို့ ဟေမာဇလရပ် လမ်း ၈၀ တရုတ်တန်းနေ ဦးဟန်မြိုင်-သီဟသုဓမ္မသီဂီ ဒေါ်မေသက်မော် (မော်မော်စန်းထိုးမုန့်) မိသားစုတို့က စစ်ကိုင်းတောင်ရိုး ဂေါသီတာချောင်သုံးထပ်ကန်အနီး၌ ဆောက်လုပ်လှူဒါန်းထားသော ဓမ္မစွမ်းရည်မဟာစည်သာသနာ့ရိပ်သာကြီး၌ ၁၉၈၉ ခုနှစ်မှစ၍ တရားစခန်း ဖွင့်လှစ်ခဲ့ရာ ယခုနှစ်သင်္ကြန် ၁၁ ရက်တရားစခန်းတွင်လည်း ယောဂီ ၃၅၀ အထိ လက်ခံမည်ဖြစ်ပြီး ဓမ္မစွမ်းရည်ကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသီရိန္ဒကိုယ်တိုင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ မဟာစည်သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဧပြီ ၁၀ ရက်မှ ၂၀ ရက်အထိ ဟောကြားပို့ချပေးမည်ဖြစ်ရာ တရားအားထုတ်လိုသော ရဟန်း၊ သီလရှင်၊ ယောဂီများသည် ဧပြီ ၁၀ ရက်အရောက် ကြွရောက်ကြရန်နှင့် စစ်ကိုင်း ဖုန်း-၀၇၂-၂၁၆၆၀၊ မန္တလေး ဖုန်း-၆၀၅၆၉၊ ၀၉ ၂၀၀၂၅၉၅ တို့သို့ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားသည်။

(က-ပ)

သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရေတာရှည်လမ်းဟောင်း ဗဟန်းဈေး ကြေးသွန်းဘုရားအနီး ရွှေစင်မေစတိုးနှင့် မျက်နှာချင်းဆိုင်ဓမ္မသုခတိုက်မင်္ဂလာသိဒ္ဓိကျောင်းအတွင်း၌ ဒုတိယအကြိမ်သင်္ကြန်အထူးတရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ မင်္ဂလာသိဒ္ဓိကျောင်း ပဓာနနာယက၊ သာသနာပြုနယ်လှည့်ဓမ္မကထိက ဆရာတော်ဘဒ္ဒန္တကုဏ္ဍလက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်ရောက် အားထုတ်ကြမည့် ယောဂီများ ဖုန်း-၅၅၉၁၁၆ သို့ ဧပြီ ၁၀ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

✻ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ် သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများနှင့်အတူ နံနက် ၆ နာရီခွဲတွင် (၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကျင်းပမည့် နေပြည်တော်စစ်ရေးပြကွင်းကြီး သို့ ရောက်ရှိလာသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စုရပ်စစ်ရေးပြကွင်းမှ နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိလာသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်း ဦးဆောင်၍ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးအောင်မြင့်ဦး၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ချို ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်အောင်ဆန်း ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကျော်သန်းငွေ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ချို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များ၏ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်း (၇)ကြောင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များအား စစ်ကြောင်း တပ်ခွဲများအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များအား ဖြည့်ဆည်းမှာကြားကာ နံနက် ၈ နာရီခွဲတွင် စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်း (၇)ကြောင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား စစ်ကြောင်းတပ်ခွဲများ အလိုက် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၃-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အဆောင်ခြောက်ပါး"တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈း၀၀-၂း၀၀	စိုက်ပျိုးသီးနှံအောင်မြင်ဖို့ရာ အာဟာရစုံဖြည့်စွက်ပါ
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	Sunday Talk
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	**ရေမြင့်---ကြာတင့် (ခန့်စည်သူ၊ရောင်ကျော်ကြော်၊ထင်ပေါ်၊မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ငွမ်းပုံ၊မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	ကမ္မဿကတာသမ္မာဒိဋ္ဌိ(အပိုင်း-၂)(ဆရာကြီးဦးဌေးအောင်)
၁၀း၁၀-၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	ဘိုင်းဒါးရေလှောင်တမံ
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	Biz Net
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	ကျောက်မီးသွေးအကြောင်းသိကောင်းဖွယ်ရာ
၁၁း၁၀-၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	ကလေးတို့အတွက်လက်ဆောင် (ငါးရုပ်ကလေးခေါက်ကြရအောင်)
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	ကုသစောင့်ရှောက်မနေး ပြည်သူအများကျန်းမာရေး (မန္တလေးတိုင်းရင်းဆေးရုံကြီး)
၁၂း၂၀-၆း၂၀	Music Gallery (တေးသံရှင်ရဲ့တေးလက်ဆောင်-Rဇာနည်)
၁၂း၄၀-၆း၄၀	နိုင်ငံရပ်ခြားအတွေ့အကြုံနှင့် စွဲမက်ဖွယ်ရာအရသာ [စပိန်စတိုင်(လ်)]
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

U-21 International Friendlies ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	England-Polan	Star Sports(Live)

ဗောဓိရိပ်ငြိမ်တောရ သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဝါးနက်ချောင်းကြီးကျေးရွာ ဗောဓိရိပ်ငြိမ်တောရကျောင်းတွင် သင်္ကြန် အထူး တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဗုဒ္ဓေါရသ အရှင်ဣန္ဒာစရိယက ဟောကြားပြသပေးမည်ဖြစ်၍ တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၁ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရမည်ဖြစ်သည်။ အိပ်ရာလိပ်၊ နိုင်ငံသားမှတ်ပုံတင်များ ယူဆောင်လာကြရမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း-၃၇၁၈၉၈၊ ၃၉၁၂၄၈၊ ၆၂၀၉၈၀၊ ၅၇၇၉၄၈၊ ၅၇၉၆၂၇ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာနှင့် ထီးတော်ရှင်စေတီ လျှပ်စစ်မီးသွယ်တန်းပြီးစီးမှု အောင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၄

ကျောက်ပန်းတောင်းမြို့မှ လေးမိုင်အကွာရှိ နှစ်ကျပ်ခွဲကျေးရွာနှင့် ရှေးဟောင်းသစ္စာအဓိဋ္ဌာန်ပြည့် မြတ်သိမ်တော် ထီးတော်ရှင်စေတီသို့ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးသွယ်တန်းမှုကို ဦးမင်းလှအောင်-ဒေါ်ကြူကြူမာ၊ နဂါးညီနောင် သက်န်းတိုက်၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့မှ မတည်ဦးစီး၍ ဓမ္မမိတ်ဆွေများ၊ ရွာသူရွာသားများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ယခုအခါ ပြီးစီးသွားပြီဖြစ်ပါသဖြင့် ဧပြီ ၆ ရက် နံနက် ၇ နာရီတွင် နှစ်ကျပ်ခွဲကျေးရွာ ထီးတော်ရှင်ဘုရားကျောင်းတိုက်၌ ရေစက်ချ အလှူတော်မင်္ဂလာကိုလည်းကောင်း၊ ဧပြီ ၅ ရက် ညတွင် ကျောက်ပန်းတောင်းမြို့နယ် ခန်းမနှင့် ဧပြီ ၆ ရက် နံနက်တို့တွင် ထီးတော်ရှင်ဘုရား ဘုရားဝင်းအတွင်း စင်မြင့်တို့၌ နိုင်ငံကျော် ဂန္ထဝင် အဆိုတော် ဦးမင်းနောင်၊ ဦးမောင်မောင်ကြီး၊ ဒေါ်တင်တင်မြ၊ ဒေါ်ထား၊ ဟသ်ာတထွန်းရင်၊ စိုးစန္ဒာထွန်းစသည့် အဆိုတော်များနှင့် ဧည့်ခံဖျော်ဖြေခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်၍ ကြွရောက်ချီးမြှင့်ကြရန် ဆရာတော် ဦးကောသလ္လ ဦးစီးသည့် ဖိတ်ကြားရေးဆပ်ကော်မတီက ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ဟယ်လင်းနစ် နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၈ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး မစ္စစ်ဒိုရာ၊ ဘာကိုဂျီအမ်နီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ပညာမွန်ကျောင်း သင်္ကြန်တွင်း တရားစခန်း

ရန်ကုန် မတ် ၂၄

ပဲခူးမြို့ ဥဿာမြို့သစ် ရန်ကုန်-မန္တလေးလမ်း ပညာမွန်ကျောင်းတိုက်၌ သင်္ကြန်တွင်းတရားစခန်းကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပသာသနာပြု ပညာမွန်ဆရာတော် ဘဒ္ဒန္တ ပညာသာမိ (ဓမ္မာစရိယ၊ ဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ)က လယ်တီ၊ မိုးကုတ် စသော ဆရာတော်ကြီးများ၏ ဥပနိဿယကို ခံယူကာ ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သတိပဋ္ဌာန်ဒေသနာ ဝိပဿနာအလုပ်ပေးတရားတော် များကို ဟောကြားပြသမည်ဖြစ်သည်။ လူဦးရေကန့်သတ်ချက်ရှိ၍ ကြိုတင်စာရင်း ပေးကြရန်၊ ဧပြီ ၁၀ ရက် ညနေအရောက်လာကြရန်နှင့် ပညာမွန်ကျောင်းတိုက် ဖုန်း-၀၅၂-၃၀၂၀၂၊ ၀၉၅၃၀-၂၁၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အထက(၁)ဒဂုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၄

၁၉၇၅-၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် (၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား မတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ တွင် အထက(၁) ဒဂုံ ဒဂုံသီရိခန်းမ၌ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်း များအားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများ သည် မြတ်စိုးဝင်း (Techno Land) ဖုန်း-၂၄၉၅၆၅၊ ဇော်မင်းဦး (Moon Bakery) ဖုန်း-၀၉၅၀၀၂၅၇၁၊ သီရိမာ ဖုန်း- ၀၉၅၀၂၁၂၄၁၊ ချိုလေးလွင် ဖုန်း-၀၉၉၉၇၂၅၈၀၊ ကေခိုင်လင်း ဖုန်း- ၀၉၅၁၂၇၂၁၅၊ အောင်သူထွန်း ဖုန်း- ၀၉၅၁၃၂၈၅၁၊ သတ္တိ ဖုန်း-၀၉၅၁၆၅၉၈၂၊ သားစိုး ဖုန်း- ၀၉၅၁၄၀၂၁၀၊ မမိုးဦး ဖုန်း-၅၄၁၉၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

တိ-နိ အကျိုးတော်ဆောင်ဆရာတော်များ၏ ဓမ္မသဘင်

ရန်ကုန် မတ် ၂၄

ပဲခူးတိုင်း ဖြူးမြို့နယ် ဓိုးဖြူခင်ကျေးရွာ ကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တအာစရ၏ ဆန္ဒတော်အရ တရားပွဲများ နှစ်စဉ် ကျင်းပပူဇော် နိုင်ရေး ရည်ရွယ်ချက်ဖြင့် တိ-နိ အကျိုးတော်ဆောင် နယ်လှည့်ဓမ္မကထိက ဆရာတော်များ ဖြစ်တော်မူကြသော ဦးကုဏ္ဍလ(မကွေး) အရှေ့ဆင်တဲတိုက်၊ မန္တလေး၊ ဦးတေဇောဘာသ(မအူပင်) အိမ်တော်ရာတိုက်၊ ရန်ကုန်အရှင်မြတ် တို့သည် ဓိုးဖြူခင်ကျေးရွာ၊ မဟာလောကဟိတ မြတ်စွာဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော် ကြီး၌ မတ် ၂၆ ရက်၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူ မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

တိုကျိုမြို့ကုန်တိုက်၌ လူရှစ်ဦးဓားထိုးခံရ တစ်ဦးသေဆုံး

တိုကျို မတ် ၂၄

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လူသွားလူလာများပြားရာ ကုန်တိုက်တစ်ခု၌ အသက် ၂၄နှစ်ရှိ အမျိုးသား တစ်ဦး မတ် ၂၃ရက်က ဈေးသွား ဈေးလာ ရှစ်ဦးကို ဓားဖြင့်ထိုးနှက် တိုက်ခိုက်ခဲ့ကြောင်း မီဒီယာ သတင်းများက ဖော်ပြသည်။

အခင်းဖြစ်ပွားမှုကြောင့် တစ်ဦး သေဆုံးပြီး ခုနစ်ဦးကို ဓားဒဏ်ရာဖြင့် ဆေးရုံသို့ ပို့ခဲ့ရသည်။ တိုကျိုမြို့အရှေ့မြောက်ဘက် ၃၁မိုင်အကွာရှိ စူချီရာ အရပ်တွင် မသင်္ကာမှုဖြင့် ရဲတပ်ဖွဲ့က လူတစ်ဦးကို ဖမ်းဆီးလိုက်သည်။ ၎င်းမှာ အခြားလူသတ်မှုတစ်ခုဖြင့်လည်း ရဲက အလိုရှိနေသူဖြစ်ကြောင်း ကျိုဒို သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို မတ် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာနှင့် အီကွေဒေါ နယ်စပ်ပြဿနာ ပြန်လည်တင်းမာလာမည့် အခြေအနေရှိ

ကွီတို မတ် ၂၃

အီကွေဒေါနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံတို့အကြား ဖြစ်ပေါ်နေသော သံတမန်ဆိုင်ရာ တင်းမာမှုသည် အခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း အီကွေဒေါနိုင်ငံ သမ္မတ ရီဖာရယ်ကိုရီယာက မတ် ၂၂ရက်တွင် ပြောကြားသည်။

ကိုလံဘီယာနိုင်ငံသည် မတ် ၁ရက်က အီကွေဒေါနိုင်ငံနယ်စပ်ကို ဖြတ်ကျော်၍ သူပုန်စခန်းကို တိုက်ခိုက်ခဲ့သည်။ ထိုဖြစ်စဉ်တွင် သေဆုံးသူ တစ်ဦးမှာ အီကွေဒေါနိုင်ငံသားဖြစ်ကြောင်း ပေါ်ပေါက်ခဲ့လျှင် အခြေအနေ ဆိုးရွားလာဖွယ်ရှိသည်ဟု ဆိုသည်။ အကယ်၍သာ သေဆုံးသွားသူသည် အီကွေဒေါနိုင်ငံသားဖြစ်ကြောင်း တွေ့ရပါက ထိုဖြစ်ရပ်ကို အပြစ်တစ်စုံတစ်ရာ မယူဘဲ တားနိုင်မည် မဟုတ်ဟု ကိုရီယာက ပြောကြားသည်။

ကိုလံဘီယာ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ (အက်ဖ်အေအာရ်စီ) စခန်းကို ကိုလံဘီယာတပ်ဖွဲ့များ နယ်စပ်ကို ကျော်ဖြတ်ကာ အီကွေဒေါ နိုင်ငံအတွင်းဝင်၍ တိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် အီကွေဒေါနိုင်ငံက ကိုလံဘီယာနှင့် သံတမန်အဆက်အသွယ်ဖြတ်ခဲ့သည်။

ဖော်ပြပါ ပြဿနာကြောင့် အီကွေဒေါနှင့် ဗင်နီဇွဲလားတပ်ဖွဲ့များကို ကိုလံဘီယာနယ်စပ်သို့ စေလွှတ်ခဲ့သဖြင့် အင်ဒိစ်တောင်တန်းဒေသတွင် စစ်ဖြစ်တော့မည့်ကဲ့သို့ ရှိခဲ့သည်။

မတ် ၇ရက်တွင် ရိုင်ယိုအုပ်စု ထိပ်သီးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ကိုလံဘီယာသမ္မတ အယ်လ်ဗာရိုအူရီဘီက အီကွေဒေါ သမ္မတ ကိုရီယာကို နောက်နောင် နယ်စပ်ဖြတ်ကျော် တိုက်ခိုက်သည့် အဖြစ်မျိုး မပေါ်ပေါက်စေရပါဟု တောင်းပန်ကာ နှစ်နိုင်ငံ ခေါင်းဆောင်များလက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာကာသယာဉ်မှူးများ အာကာသအတွင်း ငါးကြိမ်မြောက် လမ်းလျှောက်

ဝါရှင်တန် မတ် ၂၃

အမေရိကန်အာကာသ လွန်းပျံယာဉ် အင်ဒေဗားမှ အာကာသယာဉ်မှူးနှစ်ဦးသည် နိုင်ငံတကာ အာကာသစခန်းယာဉ်၏ အပြင်ဘက် ဟင်းလင်းပြင်တွင် ပေ ၅၀ ရှည်သော အာရုံခံလက်တံတစ်ခုကို တပ်ဆင်ခြင်းဖြင့် ၎င်းတို့ ခရီးစဉ်၏ ငါးကြိမ်မြောက်နှင့် နောက်ဆုံးအကြိမ် အာကာသအတွင်း လမ်းလျှောက်ခြင်းကို အောင်မြင်စွာ အဆုံးသတ်နိုင်လိုက်ပြီဖြစ်သည်။

ပြီးဆုံး

အထူးကျွမ်းကျင်သူ အာကာသယာဉ်မှူးများဖြစ်သော ရောဘတ်ဗင်ကင်းနှင့် မိုက်ဖိုမင်တို့သည် ညနေ ၄ နာရီ ၃၄ မိနစ် (ဂျီအမ်တီ ၂၀၃၄) စနေနေ့တွင် စတင်လမ်းလျှောက်ပြီး နောက်တစ်နေ့ ည ၉ နာရီ ၃၆ မိနစ်တွင် သတ်မှတ်ချိန်ထက် ၄၉ မိနစ်စော၍ ပြီးဆုံးသည်။ ထိုဆောင်ရွက်မှုသည် အာကာသယာဉ်မှူး ခုနစ်ဦးပါသော အင်ဒေဗား၏ နောက်တစ်ပတ် အိမ်ပြန်ခရီးမစမီ နောက်ဆုံးအကြိမ်ဖြစ်သည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ဟောက်စ်တန်ရှိ ထိန်းချုပ်ရေးဌာနသည် ခြောက်နာရီကြာ အာကာသအတွင်း လမ်းလျှောက်ခြင်း အောင်မြင်ကြောင်း ချက်ချင်းကြေညာခဲ့သည်။

အင်တာနက်။

လုပ်ဖော်ကိုင်ဖက်တစ်ဦးကို သတ်မှုဖြင့် ကနေဒါ အမျိုးသမီး ထောင်သုံးနှစ်ခွဲကျ

ချင်းမိုင်(ထိုင်း) မတ် ၂၃

ကနေဒါနိုင်ငံမှ အမျိုးသမီးတစ်ဦးက ၎င်း၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ အမေရိကန်တစ်ဦးကို သတ်ဖြတ်မှုဖြင့် ထိုင်းနိုင်ငံတရားရုံးတစ်ရုံးက ထောင်ဒဏ် သုံးနှစ်ခွဲ ချမှတ်လိုက်သည်။ ၎င်းအမျိုးသမီးသည် ဟာဝိုင်ယီတွင် လိမ်လည်မှု အမျိုးမျိုးဖြင့် စွပ်စွဲခံရသူတစ်ဦးဖြစ်သည်။

၎င်းသည် အသက် ၅၀ရှိ မာဂရက်ကရိန်း ဖြစ်သည်။ ၎င်းက လုပ်ဖော်ကိုင်ဖက်ဖြစ်သူ အသက် ၅၆ နှစ်ရှိ ဂျော့ဂျ်၊ ပက်ထရစ်ဒူဘီနှင့် ချင်းမိုင်ဒေသရှိ စားသောက်ဆိုင် တစ်ဆိုင်တွင် ရန်ဖြစ်ပြီး သတ်ဖြတ်ခဲ့မှုအတွက် ထောင်ဒဏ်နှစ်နှစ်နှင့် ပစ္စတို သေနတ်လက်ဝယ် ကိုင်ဆောင်မှုတို့အတွက် ထောင်ဒဏ် တစ်နှစ်ခွဲ စသည်ဖြင့် စုစုပေါင်း ထောင်ဒဏ် သုံးနှစ်ခွဲ အပြစ်ပေးခံရသည်။

တရားခံဖြစ်သူသည် စွပ်စွဲချက်အတိုင်း ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း၊ သို့ရာတွင် ၎င်းသည် ရိုက်နှက်ခံရပြီးမှ သတ်ဖြတ်ခြင်းဖြစ် သည်ဟု တရားရုံးမှ တရားသူကြီး သာနာကွန်ပူ ဆာယာပိုင်ဘွန်းက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ဂျီးရီးယား ရေတပ်စခန်း မီးလောင် ရေတပ်သားနှစ်ဦးထက်မနည်း သေဆုံး၊ ရေယာဉ်လေးစင်းပျက်စီး

ပို့ဟာကုတ် မတ် ၂၄

နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသတွင် မတ် ၂၁ရက်က နိုင်ဂျီးရီးယား ရေတပ်စခန်းတစ်ခုလုံး မီးလောင်မှုဖြစ်ရာ ရေတပ်ဖွဲ့ဝင် နှစ်ဦးထက်မနည်းသေဆုံးပြီး ရေယာဉ်လေးစင်းမီးလောင်ကျွမ်းခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

နိုင်ဂျီးရီးယားရေတပ် ပတ်ဖင်ဒါဆိပ်ခံတံတား၌ နံနက် ၉နာရီခန့်တွင် ဝါယာရှော့ကြောင့် မီးလောင်ပေါက်ကွဲမှုဖြစ်ကြောင်း၊ ထိုပေါက်ကွဲမှုသည် အဖျက်သမားလက်ချက်မဟုတ်ကြောင်း ပို့ဟာကုတ်ရှိ ကြည်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဆာဂျာမူဆာက ပြောကြားသည်။

ထိုပေါက်ကွဲမှုတွင် ရေတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး ရေယာဉ်လေးစင်း ပျက်စီးသွားသည်။

နိုင်ဂျာမြစ်ဝှမ်းဒေသသည် အာဖရိက၏ အကြီးဆုံးရေနံလုပ်ငန်းဒေသဖြစ်ပြီး တစ်နေ့လျှင် ရေနံစည် ၂ ဒသမ ၁သန်းကို တင်ပို့လျက်ရှိသည်။ ထိုဒေသ၌ ရေနံအလုပ်သမားများကို အဓမ္မဖမ်းဆီးပြီး ပြန်ပေးငွေတောင်းခြင်း၊ လက်နက်ကိုင်ဓားပြတိုက်ခြင်းနှင့် ရေနံစိမ်းမှောင်ခိုထုတ်ခြင်းတို့ကို မကြာခဏကြုံတွေ့ရလျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

အိုလံပစ်မီးရှူးတိုင် မီးထွန်းညှိပွဲ အခမ်းအနားကို ဂရိနိုင်ငံ အိုလံပီယာ၌ ကျင်းပနေသည်ကို မတ် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံတွင် အသက်မပြည့်သေးသူ အမျိုးသမီးငယ်ကို အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက အဓမ္မပြုကျင့်မှုနှင့် ပတ်သက်၍ မကျေနပ်သဖြင့် အိုကီနာဝါ၌ ကန့်ကွက်ဆန္ဒပြနေသူတစ်ဦးကို မတ် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒုတိယအဏုမြူ ဓာတ်အားပေးစက်ရုံ ဖူကျင့်ပြည်နယ်တွင် တည်ဆောက်သွားမည်

ဖူရှူ မတ် ၂၃

တရုတ်နိုင်ငံ အရှေ့ပိုင်း ဖူကျင့်ပြည်နယ်တွင် ဒုတိယအဏုမြူလျှပ်စစ်ဓာတ်အားပေးစက်ရုံကို နိုဝင်ဘာလမှစ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

ဖူရှူမြို့ တောင်ပိုင်းကမ်းခြေဒေသ စန်ရှန်အရပ်တွင် အဏုမြူဓာတ်အားပေးစက်ရုံသစ်ကို တည်ဆောက်သွားရန်ရှိကြောင်း ဖူကျင့်မြို့အုပ်ချုပ်ရေးဌာနမှ လာသော သတင်းက ဖော်ပြသည်။

တစ်ယူနစ်လျှင် တစ်ကီလိုဝပ်ထုတ်လုပ်ပေးနိုင်စွမ်းရှိသော ဓာတ်အားပေးထုတ်စက်ယူနစ်ပေါင်း ခြောက်ယူနစ်ကို အဆိုပါစက်ရုံ၌ တပ်ဆင်အသုံးပြုမည်ဖြစ်သည်။ ပထမအဆင့်တွင် လျှပ်စစ်ထုတ်စက်ဂျင်နရေတာနှစ်လုံးကို တပ်ဆင်မည်ဖြစ်သည်။ ထိုလျှပ်စစ်ဓာတ်အားထုတ်စက်နှစ်လုံးသည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် စတင်လည်ပတ်မည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်၌ ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက် မတ် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက်တွင် မတ် ၂၁ ရက်က မော်တာများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာ ရရှိကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အီရတ်စစ်ပွဲစတင်ဖြစ်ပွားချိန်မှ ယနေ့အထိ အီရတ်နိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၃၉၉၃ ဦး ရှိပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်စစ်တပ် ရာဇဝတ်မှုများကျူးလွန်မှု အိုကီနာဝါပြည်သူများ ကန့်ကွက်

တိုကျို မတ် ၂၄

ဂျပန်နိုင်ငံတွင် ထောင်ပေါင်းများစွာသော အိုကီနာဝါမြို့သူမြို့သားတို့သည် အမေရိကန်စစ်တပ်၏ ရာဇဝတ်မှုများ ကျူးလွန်မှုကို လူထုအစည်းအဝေးကျင်းပကာ ကန့်ကွက်ဆန္ဒပြကြပြီး ဂျပန်ပြည်တောင်ပိုင်း ကျွန်းပေါ်တွင် အမေရိကန် စစ်တပ်အနည်းငယ်သာထားရှိရန် တောင်းဆိုကြသည်။

လွန်ခဲ့သောလက အမေရိကန်မရိမ်းတပ်သားတစ်ဦးက ကျောင်းသူတစ်ဦးအား အဓမ္မကျင့်ကြံသည်ဟု သံသယရှိ၍ ဖမ်းဆီးခဲ့သည်။

ကန့်ကွက်

အမေရိကန် စစ်စခန်းများကြောင့် ရာဇဝတ်မှုများ၊ မတော်တဆမှုများ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်လာကြောင်း၊ အမေရိကန်နှင့် ဂျပန်အစိုးရများကို အိုကီနာဝါက ဒေါသပြင်းထန်စွာပေါက်ကွဲ၍ ကန့်ကွက်ကြောင်း မြို့တော်ဝန်မစ်ဆူကိုတိုမွန်၏ ပြောကြားချက်ကို ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ရာဇဝတ်မှုဖြစ်ပွားခဲ့သော ချာတန်မြို့တွင်ကျင်းပသည့် လူထုအစည်းအဝေးတွင် မြို့တော်ဝန်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆုံးမသတ်

လူထု၏ တောင်းဆိုချက်များကို အကြိမ်တိုင်း အကြိမ်တိုင်း အရေးယူဆောင်ရွက်ပေးမှုမရှိကြောင်း၊ ရက်စက်ကြမ်းကြုတ်လှသော ရာဇဝတ်မှုများလည်း အဆုံးမသတ်ကြောင်း မြို့တော်ဝန်က ဆက်လက်ပြောကြားသည်။

လူထုအစည်းအဝေးကြီးကို ဆော်သြသူများက ၆၀၀၀ ခန့် တက်ရောက်သည်ဟုခန့်မှန်းကြောင်း ကျိုဒိုသတင်းဌာနကဖော်ပြသည်။ ရဲတပ်ဖွဲ့ကမူ ခန့်မှန်းချက်ပေးရန်ငြင်းဆိုသည်။

ပြန်လည်သတိရ

၁၄ နှစ်အရွယ် ဂျပန်မိန်းကလေးကို မတရားကျင့်သည်ဟု သံသယရှိသူ မရိမ်းတပ်သား တိုင်ရွန်းဟက်နော့ ၃၈ နှစ်ကို ဖမ်းဆီးပြီးနောက် အိုကီနာဝါမြို့လူထုက မခံမရပ်နိုင်အောင်ဖြစ်ခဲ့ကြသည်။ ၁၉၉၅ ခုနှစ်က ၁၂ နှစ်အရွယ် ဂျပန်အမျိုးသမီးလေး အဓမ္မပြုကျင့်ခြင်းခံရသည့်ဖြစ်ရပ်ကို ပြန်လည်သတိရလာစေခဲ့သည်။

ထိုအချိန်က အမေရိကန်စစ်စခန်းကို အလုံးအရင်းနှင့် ပြင်းထန်စွာကန့်ကွက်ခဲ့ကြရာ ဂျပန်-အမေရိကန်ဆက်ဆံရေးကိုပင် ထိခိုက်ခဲ့သည်။

တနင်္ဂနွေနေ့ကကျင်းပသည့် အိုကီနာဝါ လူထုအစည်းအဝေးကြီးက အမေရိကန် စစ်စခန်းများကို တစ်စုတည်း ပေါင်းစည်းရေးနှင့် အမေရိကန်-ဂျပန် စာချုပ်ကို ပြန်လည်သုံးသပ်ရန် တောင်းဆိုကြသည်။

အမ်အင်အေ၊ရိုက်တာ။

အရပ်ရှစ်ပေလေးလက်မရှိ ကမ္ဘာ့အရပ်အရှည်ဆုံးလူသားဖြစ်သူ ယူကရိန်းနိုင်ငံသား လီယိုနစ်စတက်နတ်ကို ၎င်းအတွက် အထူးပြုလုပ်ပေးထားသော စက်ဘီးနှင့်အတူ မတ် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တူရကီတွင် ရဲနှင့်ဆန္ဒပြသူများ တိုက်ခိုက်မှုဖြစ်ပွား ကာ့ဒ် ၁၀၀ကျော်နှင့် တပ်ဖွဲ့ဝင် ၁၀ဦးဒဏ်ရာရရှိ

ဒီယာဘာကာ(တူရကီ) မတ် ၂၃

တူရကီနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် ရဲတပ်ဖွဲ့နှင့် ကာ့ဒ်ဆန္ဒပြသူများ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ကာ့ဒ်ဆန္ဒပြသူ ၁၀၀ကျော်နှင့် ရဲတပ်ဖွဲ့ဝင် ၁၀ဦး ထိခိုက်ဒဏ်ရာရရှိပြီး တူရကီအရှေ့တောင်ပိုင်းဒေသ တစ်ဝန်းရှိကာ့ဒ်၁၆၀ကျော်တို့ စနေနေ့က ထိန်းသိမ်းခံခဲ့ရကြောင်း လုံခြုံရေးသတင်းရပ်ကွက်ကပြောကြားသည်။

တူရကီနိုင်ငံ၏ အရှေ့တောင်ပိုင်းရှိ ဗန်နှင့်ဆီရတ်မြို့များမှ လမ်းမများပေါ်တွင် တူရကီရဲတပ်ဖွဲ့ဝင်များနှင့် ကာ့ဒ်ဆန္ဒပြသူများ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ တူရကီရဲတပ်ဖွဲ့က ရေအမြောက်၊ မျက်ရည်ယိုဗုံးများနှင့် နံပါတ်တုတ်များဖြင့် လူစုခွဲခဲ့ကြ သည်။

နွေဦးပွဲတော်အခမ်းအနားကျင်းပနေသော ကာ့ဒ်၁၀၀၀၀ခန့်က ခွဲထွက်ရေးသမားဖြစ်သည့် ကာ့ဒ်ဒစ်စတန် အလုပ်သမားပါတီကထောက်ခံသည့် ကြွေးကြော်သံများဟစ်ကြွေးလျက်ရှိစဉ် လုံခြုံရေးတပ်ဖွဲ့က လူစုခွဲခဲ့ပြီးနောက် ကာ့ဒ် ၆၀ခန့်နှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

ဆီရတ်မြို့တွင် ရဲတပ်ဖွဲ့က လူ၃၀၀၀အုပ်စုကို လူစုခွဲခဲ့ရာမှ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားကာ ဆန္ဒပြသူ ၃၂ဦးနှင့် ရဲတပ်ဖွဲ့ ဝင်နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

ဆန်လီယူဖာပြည်နယ်တွင်လည်း ခွင့်ပြုမိန့်မရဘဲ အခမ်းအနားကျင်းပရာတွင် ပါဝင်သည့် ဆန္ဒပြသူ ကာ့ဒ်၁၀၀ကျော်လည်း ထိန်းသိမ်းခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

မတ် ၂၃ ရက်က ဗင်နီဇွဲလားနိုင်ငံ ကာရာကက်စ်မြို့၌ ကျင်းပသော အီစတာ ပျော်ပွဲရွှင်ပွဲတွင် ဖရဲသီး အစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေကြသူများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်တောင်ပိုင်း ပါလက်စတိုင်း ဒုက္ခသည်စခန်းတွင် တိုက်ခိုက်မှုဖြစ်ပွား

ဘေရွတ် မတ် ၂၃

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ပါလက်စတိုင်းဒုက္ခသည်စခန်းတွင် အစ္စလာမ္မစ်စစ်သွေးကြွများနှင့် ဖာတာအုပ်စုတို့ သောကြာနေ့က ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားကြောင်း ဒေသခံ ရုပ်မြင်သံကြားအစီအစဉ်က ဖော်ပြသည်။

လက်ဘနွန်တောင်ပိုင်းရှိ ဆိပ်ကမ်းမြို့ဖြစ်သည့် ဆီဒုန်မှ ပါလက်စတိုင်းဒုက္ခသည်စခန်းတွင် သေနတ်သံများကြားရပြီး မိသားစုများသည် ၎င်းတို့အိမ်များမှ ဆီဒုန်မြို့ရှိ စာသင်ကျောင်းများဆီသို့ ထွက်ပြေးကြသည်ဟု အဆိုပါ ရုပ်မြင်အစီအစဉ်က ဖော်ပြသည်။

လက်နက်ကိုင်ဂျူးရစ်အယ်လ်ရှမ်အုပ်စုဝင်များက ဖာတာအုပ်စုဝင်အချို့ကို စတင်ပစ်ခတ်ခဲ့ရာမှ တိုက်ခိုက်မှု စတင်ဖြစ်ပွားခဲ့သည်ဟု ဒေးလီးစတားသတင်းစာကရေးသားသည်။ ဖာတာအုပ်စုက အယ်လ်ရှမ်အုပ်စုတပ်မှူး ဟူဆန်ဆလင်မာရဖ်ကို ဖမ်းဆီးပြီး လက်ဘနွန်အာဏာပိုင်များထံသို့ လွှဲအပ်ပေးခဲ့သည်ဟု အယ်လ်ရှမ်အုပ်စုက စွပ်စွဲခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အပြည့်အဝပြန်လည်ပေါင်းစည်းရေး ဆွေးနွေးပွဲများ အမြန်စတင်ရန် ဂရိနှင့်ဆိုက်ပရပ်စ်ခေါင်းဆောင်များ သဘောတူ

နီကိုးရှား မတ် ၂၃

အပြည့်အဝပြန်လည်ပေါင်းစည်းရေး ဆွေးနွေးပွဲများအတွက် စိုင်းပြင်းရန် လုပ်ငန်းအုပ်စုများနှင့် နည်းပညာဆိုင်ရာ ကော်မတီများ ဖွဲ့စည်းရန် ဂရိ ခေါင်းဆောင်များနှင့် တူရကီ-ဆိုက်ပရပ်စ်နွယ်ဖွား အသိုက်အဝန်းတို့က သောကြာနေ့တွင် သဘောတူညီကြကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။ ယင်းဆွေးနွေးပွဲသည် လာမည့်သုံးလအတွင်း စတင်နိုင်မည်ဖြစ်သည်။

ဆိုက်ပရပ်စ်သမ္မတ၊ ဂရိဆိုက်ပရပ်စ်နွယ်ဖွားခေါင်းဆောင် ဒီမီထရစ်တိုဖီယာနှင့် တူရကီဆိုက်ပရပ်စ်နွယ်ဖွား ခေါင်းဆောင်ဖီနက်အလီတာလတ်တို့က နီကိုရှားဒေသအတွင်း ကုလသမဂ္ဂက ကာကွယ်စောင့်ရှောက်သည့် နေရာတွင်ဆွေးနွေးကြရာ သဘောတူညီချက် ရရှိခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦး၏ ဆွေးနွေးမှုသည် အပြုသဘောဆောင်ပြီး ရင်းနှီးမှုရှိကာ စုစည်းမှုရှိသည့် အတိုင်းအတာတစ်ရပ်အထိ ဖြစ်ထွန်းမှုရှိခဲ့ကြောင်း ဆိုက်ပရပ်စ်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မိုက်ကယ်မိုလာက သတင်းထောက်များသို့ ပြောကြားသည်။

လုပ်ငန်းအုပ်စုများနှင့် နည်းပညာဆိုင်ရာကော်မတီများ၏ လုပ်ငန်းအပေါ် ပြန်လည် သုံးသပ်ရန်အတွက် ယခုအချိန်မှ သုံးလအတွင်း ခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးကြမည် ဖြစ်ပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ကြီးကြပ်မှုအောက်မှ အပြည့်အဝညှိနှိုင်းဆွေးနွေးမှုများ စတင်ပြုလုပ်နိုင်ဖွယ်ရှိသည်ဟု မိုလာကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

သီရိလင်္ကာ၌ ကျားသောင်းကျန်းသူများက ရေတပ်သင်္ဘောတစ်စင်းကို တိုက်ခိုက်နှစ်မြှုပ်

ကိုလံဘို မတ် ၂၃

သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ကမ်းလွန်တစ်နေရာတွင် တမီလ်ကျားသူပုန်များထောင်ထားသည်ဟု ယူဆရသည့် ရေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သီရိလင်္ကာရေတပ်မှ တိုက်ခိုက်ရေးသင်္ဘောတစ်စင်း စနေနေ့တွင် ပျက်စီးသွားခဲ့ရာ သင်္ဘောသား ၁၆ဦးမှ ၁၀ဦး ယခုတိုင် ပျောက်ဆုံးနေကြောင်း စစ်ဘက်ကပြောကြားသည်။

ပြောကြား

သို့ရာတွင် အသေခံဖောက်ခွဲသည့် အုပ်စုဖြစ်သည့် မဟူရာကျားတိုက်ခိုက်ရေးသမားများက ယင်းသင်္ဘောကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု တမီလ်လိုလားသည့် သတင်းရပ်ကွက်က ပြောကြားသည်။

ကိုလံဘိုမြို့တော်၏ မြောက်ပိုင်း ကီလိုမီတာ ၃၀၀ခန့်အကွာရှိ နာယာရူဒေသတွင်း ကင်းလှည့်ရေတပ်သင်္ဘောနှစ်စင်း ရေမြှုပ်မိုင်းတိုက်မိခဲ့သဖြင့် ပေါက်ကွဲခဲ့ကြောင်း သီရိလင်္ကာ စစ်ဘက်ကပြောကြားသည်။

အဆိုပါရေမြှုပ်မိုင်းသည် တမီလ်ကျားလွတ်မြောက်ရေးတပ်ဖွဲ့က မြှုပ်ခဲ့သည့် ရေမြှုပ်မိုင်းဟု သံသယမကင်းဖြစ်ခဲ့သည်ဟု ရေတပ်ပြောရေးဆိုခွင့်ရှိသူတပ်မှူး ဒက်ဆန်နာလေကေက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ထိပ်တိုက်တွေ့ခဲ့

မဟူရာပင်လယ်ကျားတပ်ဖွဲ့က သီရိလင်္ကာရေတပ်နှင့် မူလာသီဗူကမ်းလွန်တစ်နေရာတွင် ထိပ်တိုက်တွေ့ဆုံတိုက်ပွဲဖြစ်ပွားရာမှ သင်္ဘောအားနှစ်မြှုပ်ပစ်ခဲ့ခြင်းဖြစ်သည်ဟု ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဆိုင်ကယ်ဖြင့်ကင်းလှည့်

သီရိလင်္ကာနိုင်ငံတွင် အထူးရဲတပ်ဖွဲ့မှ အထူးမော်တော်ဆိုင်ကယ်ကွန်မန်ဒိုများ ကင်းလှည့်နေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

(၆၃)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

ပန်းမွေ့ရာရွှေကော်ဇော

စိုင်းသီဟ

ကိုလိုနီ လက်အောက်ခံဘဝမှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာ ပိုင်နိုင်ငံအဖြစ် ထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို နယ်ချဲ့တို့အလိုကျ အလျင်စလို ရေးဆွဲပြဋ္ဌာန်းခဲ့ရသည်။ ထိုအခြေခံဥပဒေတွင် ကိုလိုနီနယ်ချဲ့၏ လူမျိုးရေး သွေးခွဲမှုပယောဂများ ပူးကပ်ပါဝင်ခဲ့သည်။ ၁၉၄၇ အခြေခံဥပဒေအရ ကျင့်သုံးခဲ့သော နိုင်ငံရေးစနစ်မှာ ပါလီမန်ဒီမိုကရေစီစနစ် ဖြစ်သည်။

ထို့ကြောင့် ပါလီမန်ဒီမိုကရေစီခေတ်တွင် အုပ်စုဖွဲ့ ပဋိပက္ခများနှင့် နိုင်ငံရေးအာဏာလုပွဲများ အတောမသတ်ဖြစ်ပွားလာခဲ့သည်။ ဒုတိယ ကမ္ဘာစစ် အဝင်အထွက်ဒဏ်ကို နှစ်ကြိမ်ခံခဲ့ရသဖြင့် ပြာပုံတမျှဖြစ်နေသော တိုင်းပြည်သည် ရောင်စုံလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် စစ်တလင်းပမာ ဖြစ်ခဲ့ရသည်။

ပါလီမန်ဒီမိုကရေစီစနစ်၏ အနိဋ္ဌာရုံများကြောင့် ၁၉၇၄ ခုနှစ်တွင် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြန်သည်။ ဆူပူသောင်းကျန်းမှုပဋိပက္ခများ ချုပ်ငြိမ်းစေရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ နိုင်ငံရေး အကျပ်ကိုင်တောင်းဆိုမှုများကြောင့် နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းမှုများ ရှေ့မတိုးနိုင်ခဲ့ပေ။ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ကျင့်သုံးနေသူများကြောင့် တပ်မတော်က ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ဦးလည်မသုန်ထမ်းဆောင်ခဲ့ရသည်။

၁၉၈၈ခုနှစ်တွင် ခေတ်ပြောင်း စနစ်ပြောင်းလိုသောဆန္ဒကို ပြည်သူတို့က ထုတ်ဖော်ပြသခဲ့ကြသည်။ ပွဲလုန့်ပြီး ဖျာခင်းရန် အကွက်ကောင်းစောင့်နေသော လက်ဝဲ၊ လက်ယာအဖျက်သမားများက ပြည်သူ့ဆန္ဒကို ခုတုံးလုပ်ပြီး ဆူပူအုံကြွ အကြမ်းဖက်မှုများဖြစ်ပွားအောင် လှုံ့ဆော်ဖန်တီးခဲ့ကြသည်။ မြေပေါ်မြေအောက် နှစ်ဖက်ညှပ်တိုက်ရန် အကွက်ချစီစဉ်ထားသော ဗကပသောင်းကျန်းသူများက ၁၄-၉-၁၉၈၈ရက်နေ့မှစ၍ တပ်မတော်စခန်းများကို သွေးတိုးစမ်းတိုက်ခိုက်လာသည်။ ၂၃-၉-၁၉၈၈ ရက်နေ့တွင် ဗကပများက အင်အားအလုံးအရင်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့ကို ထိုးစစ်ဆင်တိုက်ခိုက်သည်။ ဗကပ ၁၅၀၀ ခန့်ဖြင့် တိုက်ခိုက်ခြင်းဖြစ်၍ အင်အားမမျှသဖြင့် ရှေးဦးစွာ တပ်စခန်းကုန်းအချို့ကို လက်လွှတ်ပေးခဲ့ရသည်။ တပ်စခန်းအင်အားများ ပြန်လည်စုစည်းပြီး ကြံ့ကြံ့ခံတိုက်ခိုက်နေချိန်တွင် စစ်ကူစစ်ကြောင်းများကို စေလွှတ်ခဲ့ရသည်။ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီး ၃၀-၉-၁၉၈၈ရက်နေ့တွင် ဗကပများ ကစဉ့်ကလျား ဆုတ်ခွာသွားရသည်။

KNU သောင်းကျန်းသူများကလည်း ၂၆-၉-၁၉၈၈ ရက်နေ့မှစ၍ မဲသဝေါဒေသကို ထိုးစစ်ဆင်သည်။ အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းဖြစ်၍ ခံစစ်စခန်းအချို့ လက်လွှတ်ခဲ့ရသည်။ တိုက်ပွဲများရက်ဆက်ဖြစ်ပွားခဲ့သည်။ တပ်မတော်က အင်အားများစုစည်းပြီး ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့ရသည်။ ရက်ပေါင်း (၉၀)နီးပါး ကြာမြင့်ခဲ့သည့် မဲသဝေါတိုက်ပွဲတွင် KNU များ အထိနာပြီး ဆုတ်ပြေးကြရသည်။

မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ်အထိ ပြည်တွင်းသောင်းကျန်းမှုသမိုင်းတွင် စစ်ရေး၊ နိုင်ငံရေးအရ အစိုးရ အဆက်ဆက်ကို အန်တုမှုအပြုနိုင်ဆုံးသော မြေအောက်ပါတီမှာ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ဖြစ်သည်။ ဗကပသည် တပ်မတော်နှင့်ပြည်သူတို့၏ ပူးပေါင်းချေမှုန်းမှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးရိုးမကို စွန့်ခွာခဲ့ရသော်လည်း အရှေ့မြောက်ဒေသမှ တိုင်းရင်းသားများကို သိမ်းသွင်းချုပ်ကိုင်ခဲ့သည်။ အခြား တိုင်းရင်းသား သောင်းကျန်းသူအဖွဲ့များကိုလည်း လွှမ်းမိုးကြီးစိုးထားသည်။

သို့သော် ဗကပသည် ပြည်ပအားကိုးပြီး ရပ်တည်ခဲ့သော ပါတီဖြစ်သည်။ လူမျိုးကြီးဝါဒ၊ ပါတီကြီးဝါဒကို တစ်လျှောက်လုံး ကျင့်သုံးခဲ့သည်။ နိုင်ငံတကာရေးရာ အခင်းအကျင်းများ ပြောင်းလဲလာသည်နှင့်အမျှ ဗကပတို့ နာလန်မထူနိုင်တော့ပေ။ ဤသို့ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီသည် ပျက်စီးချိန်တိုင်ခဲ့သည်။

၁၉၈၉ ခုနှစ် မတ်လ ၁၂ ရက်နေ့၌ ကိုးကန့်တိုင်းရင်းသားတို့က မုံးကိုးတွင် ဗကပများကို ပြန်လည်တွန်းလှန်သည်။ မုံးကိုးရှိ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုးကန့်ခရိုင်ရုံးကို သိမ်းပိုက်လိုက်သည်။

မတ်လ ၁၄ ရက်နေ့တွင် ဗကပမြောက်ပိုင်း ဗျူရိုတပ်မဟာ(၁)မှ ကိုးကန့်နှင့် 'ဝ'တိုင်းရင်းသားများက ဗကပတပ်မဟာ(၈၈၈)မှ ခေါင်းဆောင်များကို ဖမ်းဆီးပြီး လက်နက်သိမ်းသည်။ မတ်လ ၁၈ရက်နေ့တွင် ကိုးကန့်နှင့် 'ဝ'တိုင်းရင်းသားတို့က ဗမာပြည်ကွန်မြူနစ်ပါတီ၏ မြောက်ပိုင်း ဗဟိုဌာနခွဲကို ထိန်းချုပ်လိုက်သည်။ ၁၉၈၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် 'ဝ'တိုင်းရင်းသားများက ဗကပ၏ဗဟိုဌာနချုပ်ဖြစ်သော ပန်ဆန်းကို သိမ်းပိုက်သည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူချိန်မှစပြီး လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်ခံကျင့်သုံးခဲ့သည်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို အလေးထား တည်ဆောက်ခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖိတ်ခေါ်ကျင်းပသည်။ ကိုးကန့်တိုင်းရင်းသားများသည် မြန်မာနိုင်ငံလူမျိုးစုများ ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု (MNDA) အမည်ဖြင့် ၁၉၈၉ခုနှစ် မတ်လ ၃၁ရက်နေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည်။ 'ဝ'တိုင်းရင်းသားများကလည်း ၁၉၈၉ ခုနှစ် မေလ ၉ ရက်နေ့တွင် မြန်မာပြည်အမျိုးသားသွေးစည်းညီညွတ်ရေး ပါတီ (MNSP) အမည်ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

ဗကပတို့၏ လွှမ်းမိုးချုပ်ကိုင်မှုကိုခံနေရသော ရှမ်းပြည် တပ်မတော် (ခေါ်) SSA ကလည်း ၁၉၈၉ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) မိုင်းလားဒေသမှ ရှမ်းနှင့်အခါ လက်နက်ကိုင်အဖွဲ့များကလည်း အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့၊ ရှမ်းပြည်အရှေ့ပိုင်း စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်မှုကော်မတီ (NDAA) အဖြစ် ၁၉၈၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။

မေခအရှေ့ခြမ်းမှ ဗကပ၏ ကြီးစိုးမှုအောက်ကျရောက်ခဲ့ရသော လောင်ဝေါ်နှင့် လချိတ်တိုင်းရင်းသားများကလည်း ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဒီမိုကရေစီသစ်တပ်မတော် (NDA) အမည်ဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်သဖြင့် ဗကပ၏ လက်နက်ကိုင် တပ်များ လုံးဝချုပ်ငြိမ်းသွားသည်။

တပ်မတော်သည် ကျန်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့်လည်း ငြိမ်းချမ်းရေးရရှိရန် ဆက်လက်ကြိုးပမ်းသည်။ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ကျင့်သုံးသောမူဝါဒမှာ ဒို့တာဝန်အရေးသုံးပါးကို အခြေခံသည်။ ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်သည်။ ခွဲထွက်ခွင့်ကို လက်မခံပေ။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ဦးတည်သည်။ ဆွေမျိုးသားချင်းအချင်းချင်း ဆန့်ကျင်တိုက်ခိုက်ရန် မလိုလားပေ။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထားသည်။ လွတ်လပ်ရေးကို ထိပါးမည့် ပြည်ပ ပယောဂများကို ထာဝရဖယ်ရှားသည်။

တပ်မတော်၏ မှန်ကန်သော သဘောထားနှင့် လုပ်ရပ်များကြောင့် ဒို့တာဝန်အရေးသုံးပါးကို ယုံကြည်လက်ခံသော အဖွဲ့အစည်းတိုင်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းများသည် ဒို့တာဝန်အရေးသုံးပါးကို ယုံကြည်လက်ခံကြောင်း ဖော်ထုတ်ပြသ ဆောင်ရွက်ခဲ့ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကောင်းခါးဒေသမှ ကချင်တိုင်းရင်းသားများကလည်း ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကချင်အမျိုးသား တိုးတက်ရေးနှင့် လုံခြုံရေးတပ်မတော်(KDA) အဖြစ် ဥပဒေဘောင်အတွင်း ရောက်ရှိလာသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ကလည်း ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။

တစ်ချိန်က ဗကပတို့၏ လွှမ်းမိုးခြင်းကိုခံခဲ့ရသော ပလောင်ပြည်လွတ်မြောက်ရေး တပ်မတော် (PSLA) ကလည်း ၁၉၉၁ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။ တစ်နှစ်တာမျှသော ကာလအတွင်း ရှမ်းပြည်နယ် တစ်ခုလုံးနီးပါး ငြိမ်းချမ်းရေး အောင်ပန်း ဆွတ်လှမ်းနိုင်ခဲ့သည်။ နှစ်ပေါင်းများစွာ ငြိမ်းချမ်းရေးနှင့် ကင်းဝေးနေကြရသော ဒေသခံတိုင်းရင်းသားတို့သည် ငြိမ်းချမ်းရေး၏ အရသာ လက်တွေ့သိရှိ ခံစားလာခဲ့ကြရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ရှေးယခင်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ပြည်တွင်း၊ ပြည်ပ ပယောဂများကြောင့် ညီအစ်ကို မသိတသိဖြစ်ကာ ရင်ဆိုင်ယှဉ်ပြိုင်ခဲ့မိကြသည်။ ဆူးခင်းလမ်းကို ရွေးချယ်လျှောက်လှမ်းမိခဲ့ကြသည်။ ယခင်အခါက ဘေးစကားများကြောင့် ဝေးသွားခဲ့ဖူးသော်လည်း ယခုအခါ သွေးကပြောသော စကားကိုသာ အလေးထားခဲ့ကြလေပြီ။ ပန်းခင်းလမ်းကို ရွေးချယ်လျှောက်လှမ်းနေကြပြီဖြစ်သည်။

ပြည်ထောင်စုကြီး၏ ပန်းမွေ့ရာရွှေကော်ဇောတွင် ရောနှောပေါင်းစုနေထိုင်ပြီး အနာဂတ်ခရီးလမ်း ဖြောင့်တန်းသာယာအောင် ဆက်လက်ပူးပေါင်း ဆောင်ရွက်နေကြပြီဖြစ်သည်။

☆ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကယန်းအမျိုးသား လုံခြုံရေးတပ် (KNG)လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြန်သည်။

၁၉၉၂ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် တပ်မတော်သည် ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် စစ်ဆင်ရေးများ ရပ်ဆိုင်းကြောင်း ကြေညာသည်။ တစ်ချိန်တည်းမှာပင် တစ်ပြည်လုံး အတိုင်းအတာဖြင့် ထိုးစစ်များကို ရပ်ဆိုင်းပေးသည်။

တပ်မတော်က ထိုးစစ်ရပ်ဆိုင်းပေးခြင်းမှာ ထာဝရ ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားသောကြောင့် ဖြစ်သည်။ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး တည်ဆောက်မှုအတွက် အထောက်အကူပြုသည့် လုပ်ငန်းစဉ်ကို ဖော်ဆောင်ပေးခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို မြန်မာနိုင်ငံ၏ အရေးပါသော အမျိုးသားနိုင်ငံရေး အင်အားစုများ အဖြစ် ထာဝစဉ်ရှုမြင်ခံယူထား၍ ဖြစ်သည်။

တပ်မတော်အစိုးရသည် တစ်ဖက်မှ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရယူပေးခဲ့သည့်နည်းတူ အခြားတစ်ဖက်မှလည်း တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ်များ စုံညီစွာ အမျိုးသားရေးရည်မှန်းချက်ကို အမျိုးသားညီလာခံဖြင့် ဖော်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

၁၀-၇-၁၉၉၂ ရက်နေ့ အမျိုးသားညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် လက်ကျန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်ဆွေးနွေးခွင့် ရရှိမည်ဖြစ်ကြောင်း တရားဝင်အသိပေး ပြောကြားခဲ့သည်။

၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် အမျိုးသားညီလာခံကို စတင်ကျင်းပသည်။ အမျိုးသား ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့တွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့လည်း ပါဝင်သည်။ ၎င်းအစုအဖွဲ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ ကိုယ်တိုင် ပါဝင်တက်ရောက်ပြီး အခြားတိုင်းရင်းသား လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ်များနှင့် ရင်းနှီးပွင့်လင်းခင်မင်စွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တစ်ပြိုင်တည်းမှာပင် ငြိမ်းချမ်းရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၉၉၃ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကချင် လွတ်မြောက်ရေးအဖွဲ့ (KIO) ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည်။

၁၉၉၄ ခုနှစ် မေလ ၉ရက်နေ့တွင် ကရင်နီ လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။ ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ကယန်းပြည်သစ်ပါတီ (KPP) ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။ ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၉ရက်နေ့တွင် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။

၁၉၉၄ခုနှစ် ဒီဇင်ဘာလ ၂၈ရက်နေ့တွင် KNU အဖွဲ့ထဲမှ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးအဖြစ် ခွဲထွက်ပြီး DKBA က အင်အား ၅၀၀၀ ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြန်သည်။ ၁၉၉၅ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည်။

၁၉၉၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် ကျင်းပသည့် ရွှေရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားၙ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ခွန်းပြောကြားရာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အလေးထားဖော်ပြခဲ့သည်။ လက်ကျန်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အတွက်လည်း ငြိမ်းချမ်းရေးတံခါး အမြဲတမ်း ဖွင့်လှစ်ကြိုဆိုလျက်ရှိကြောင်း အသိပေးပြောကြားခဲ့သည်။

နောက်လေးလအကြာ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် မွန်ပြည်သစ်ပါတီ (NMSP) ဥပဒေဘောင်အတွင်းသို့ ဆက်လက် ဝင်ရောက်လာသည်။

၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့တွင် ဦးခွန်ဆာဦးစီးသည့် Mong Tai Army (MTA) အဖွဲ့သည် အင်အား(၁၄၀၀၀)၊ လက်နက်မျိုးစုံ (၉၀၀၀)ဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်ခဲ့သည်။

၁၉၉၇ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် ဥပဒေဘောင်အတွင်းသို့ (၁၇)ဖွဲ့မြောက်အဖြစ် ဝင်ရောက်လာခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှာ ဦးစောထွန်းဦးဦးစီးသည့် ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်) ဖြစ်သည်။

တပ်မတော်၏ ငြိမ်းချမ်းရေးအောင်ပွဲ အကျိုးဆက်များကား ထူးခြားထင်ရှားလှသည်။ KNU အဖွဲ့မှ DKBA အဖွဲ့ ခွဲထွက်လာခဲ့သည့် နည်းတူ ဦးစောသမူဟဲ ဦးစီးသော KNU တပ်မဟာ(၆)၊ တပ်ရင်း(၁၆)သည် ၂၄-၂-၉၇ ရက်နေ့တွင်လည်းကောင်း၊ ဦးစောဖဲရီမိုး ဦးစီးသော KNU သံတောင်ဒေသအဖွဲ့သည် ၈-၁၁-၉၇ ရက်နေ့တွင်လည်းကောင်း၊ KNU ဗဟိုမှ ပဒိုအောင်ဆန်းဦးစီးသောအဖွဲ့သည် ၁၇-၄-၉၈ ရက်နေ့တွင် လည်းကောင်း၊ ဦးကိုကြီးဦးစီးသော KNU တပ်မဟာ(၂)မှ ခွဲထွက်အဖွဲ့သည် ၁၀-၁၁-၉၉ ရက်နေ့တွင် လည်းကောင်း ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည်။

၁၁-၂-၂၀၀၇ ရက်နေ့တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဌေးမောင် ဦးစီးသော အင်အား ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ ဦးသည် KNU မှ ခွဲထွက်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ ငြိမ်းချမ်းရေး တည်ဆောက်ခဲ့သည်။

တပ်မတော်၏ ငြိမ်းချမ်းရေးသဘောထားကို မှန်ကန်စွာ သုံးသပ်မိသူများရှိသကဲ့သို့ နိုင်ငံရေးအားနည်းလာသောကြောင့် အလျှော့ပေးခြင်းဟု မှားယွင်းစွာ သုံးသပ်သူများလည်းရှိခဲ့သည်။ ပြည်ပမှ မြှောက်ပင့် သွေးထိုးမှုများကြောင့် တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်နေသူအချို့လည်းရှိသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အနှောင့်အယှက်ပေးသူများလည်း ရှိနေဆဲပင် ဖြစ်သည်။

မည်သို့ပင်ရှိစေကာမူ လက်ကျန် KNU၊ လက်ကျန် SSA-S ရှက်ဆစ်အဖွဲ့နှင့် KNPP ပြန်ဝင်အဖွဲ့ လက်တစ်ဆုပ်စာသာ ခိုကပ်နေသည့် နယ်စပ်ဒေသ အနည်းအကျဉ်းမှအပ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရောင်ခြည် ဖုံးလွှမ်းနေပြီဖြစ်သည်။ **ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည့် အမျိုးသားညီလာခံကြီး၏ အကျိုးဆက်ရလဒ်ကောင်းအဖြစ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။ လာမည့်မေလတွင် ပြည်သူအားလုံးပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းရန်သာ ရှိပေတော့သည်။**

အနာဂတ် မြန်မာ့နိုင်ငံရေးခရီးလမ်းကို ဆူးခင်းလမ်းအဖြစ်မှ ပန်းခင်းလမ်းဖြစ်အောင် ဖော်ဆောင်ပေးသွားမည့် အခြေခံအုတ်မြစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပင်ဖြစ်သည်။ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အာမခံချက်ပေးထားသည်။ တိုင်းရင်းသားအားလုံး၏ အဆင့်အတန်းနှင့် အခွင့်အလမ်းကို တန်းတူညီမျှ ပွင့်လန်းရရှိအောင် လမ်းဖွင့်ပေးထားသည်။

ရှေးယခင်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ပြည်တွင်း၊ ပြည်ပ ပယောဂများကြောင့် ညီအစ်ကိုမသိတသိဖြစ်ကာ ရင်ဆိုင်ယှဉ်ပြိုင်ခဲ့မိကြသည်။ ဆူးခင်းလမ်းကို ရွေးချယ်လျှောက်လှမ်းမိခဲ့ကြသည်။ ယခင်အခါက သားစကားများကြောင့် ဝေးသွားခဲ့ဖူးသော်လည်း ယခုအခါ သွေးကပြောသော စကားကိုသာ အလေးထားခဲ့ကြလေပြီ။ ပန်းခင်းလမ်းကို ရွေးချယ်လျှောက်လှမ်းနေကြပြီဖြစ်သည်။

ပြည်ထောင်စုကြီး၏ ပန်းမွေ့ရာရွှေကော်ဇောတွင် ရောနှောပေါင်းစုနေထိုင်ပြီး အနာဂတ်ခရီးလမ်း ဖြောင့်တန်းသာယာအောင် ဆက်လက်ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပြည်ထောင်စုအတွက် ခရီးဆက်သည့် တပ်မတော်

☆ တပ်မတော်ပြည်သူ – ကြည်ဖြူလက်တွဲ
မုန်တိုင်းထဲက – ခရီးစ၍
မတ်လနှစ်ခွန် – သမိုင်းမွန်မှာ
သူ့ကျွန်လက်အောက် – လွတ်မြောက်မျှော်ကိုး
အားမာန်နှိုး၍ – ကိုယ်ကျိုးစွန့်ကာ
ဆောင်ရွက်ပါမှ – လွတ်လပ်ကြ
ခြောက်ဆယ့်သုံးနှစ် ကြာပြီပ၊
တပ်မတော်၏ မျိုးဗီဇ။

☆ တပ်မတော်သည်
လွတ်လပ်ခဲ့ပြီး – စ ခရီးမှာ
သွေးစည်းမှုကျဲ – အမြင်လွဲပြီး
ပြိုကွဲလုလု – တိုင်းပြည် န ကို
ပေါင်းစုကာကွယ် – ဘေးရန်ဖယ်ခဲ့။

☆ ပါတီမြားမြောင် – ခါးပိုက်ဆောင်နှင့်
ဂိုဏ်းထောင်လူစု – အာဏာလု၍
ပြည်သူ့အိုးအိမ် – စိုးရိမ်သောက
ပျောက်ကင်းပအောင် – ခေတ္တထိန်းသိမ်း
ခေါင်းမတိမ်းခဲ့။

☆ အတွေးတိမ်နက် – အာဏာမက်၍
ခွဲထွက်မည့်ကြံ – ဖက်ဒရယ်ရန်ကို
ပယ်လှန်ချေဖျောက် – ပြည့်ဂုဏ်မြောက်ခဲ့။

☆ သမိုင်းရေစီး – လှိုင်းကြီးလေထန်
ဘေးရန်ဝင်ခဲ့ – မင်းမဲ့စရိုက်
လောင်မြိုက်ပျက်လု – ပြည်ထောင်စုကို
ပေါင်းစုကာကွယ် – လွတ်အောင်ကယ်ခဲ့။

☆ တပ်မတော်သည်
ပြည်ထောင်စု၏ – ခြေပြုအုတ်မြစ်
မကျစ်လျစ်၍ – ဘေးညစ်ကြုံတိုင်း
မဆိုင်းမတွ – ကာကွယ်ရသည့်
သာဓကပုံခိုင်း – ပြည့်သမိုင်းကို
မရိုင်းရအောင် – ရေးရှုဆောင်၍
လူ့ဘောင်ရွှေပြည် – ပန်းတိုင်ဆီကို
ရှုယ်ရည်ချီတက် – ခရီးဆက်ပြီ
တွဲယှက်လိုက်ခဲ့ – ခေါ်ပါမည်၊
ပြည်သူညီလျက် – မော်ကွန်းတည်
ဘဝဂ်သြဘာ – မိုးယံဆီ။ ။

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

လင်းအောင်(ဇီးကုန်း)

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု

၉-၂-၂၀၀၈ ရက်နေ့က ဖွင့်လှစ်လိုက်သည့် မကွေးတိုင်း မင်းဘူးမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့နှစ်ထပ်ဆောင်သစ်ကိုတွေ့ရစဉ်။

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ကို မန္တလေးတိုင်း မန္တလေးမြို့တွင် ဖွင့်လှစ်ပေးကာ တိုင်းရင်းဆေးပညာများ သင်ကြားပေးလျက်ရှိသည်။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကျန်းမာရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	**ဆေးရုံများ တိုးချဲ့မြှင့်တင်မှု**			
	-ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဆေးရုံများ	၆၃၁	၈၃၉	၂၀၈
	-အခြားဝန်ကြီးဌာနအောက်ရှိဆေးရုံများ	၁၄	၂၆	၁၂
၂	**တိုင်းရင်းဆေး**			
	-တိုင်းရင်းဆေးရုံ	၂	၁၄	၁၂
	-တိုင်းရင်းဆေးကုဌာန	၈၉	၂၃၇	၁၄၈
၃	**ကျန်းမာရေးဌာန**			
	-ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၆၈	၁၃၁
	-ဒေသန္တရကျန်းမာရေးဌာန	၆၄	၈၆	၂၂
၄	**ဆေးနှင့်ကျန်းမာရေးဆိုင်ရာသင်ကြားမှု**			
	-တက္ကသိုလ်များ	၄	၁၅	၁၁
	-သင်တန်းကျောင်းများ	၂၁	၄၃	၂၂
၅	**ကျန်းမာရေးဝန်ထမ်းများ**			
	-ဆရာဝန်	၁၂၂၆၈	၂၆၅၉၁	၁၄၃၂၃
	-သွားဆရာဝန်	၈၅၇	၂၃၀၅	၁၄၄၈
	-သူနာပြု	၈၃၄၉	၂၁၇၈၁	၁၃၄၃၂
	-သွားသူနာပြု	၉၆	၁၇၅	၇၉
	-လက်ထောက်ကျန်းမာရေးမှူး	၁၂၃၈	၃၇၉၀	၂၅၅၂
	-ကျန်းမာရေးဆရာမ	၁၅၅၇	၃၅၂၃	၁၉၆၆
	-သားဖွားဆရာမ	၈၀၂၁	၂၀၂၈၇	၁၂၂၆၆
	-ကျန်းမာရေးကြီးကြပ်	၄၉၀	၄၀၁၄	၃၅၂၄

မကွေး ဆေးရုံ

ခုတင် (၂၀၀) ဆံ့ သင်ကြားရေး ဆေးရုံ (မကွေး) ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။

တနင်္သာရီတိုင်း မြိတ်မြို့တွင် တည်ဆောက်ထားသည့် အထွေထွေရောဂါကု ဆေးရုံကြီး (မြိတ်) ကို တွေ့ရစဉ်။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြိတ်မြို့တွင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

ရန်ကုန် မတ် ၂၄

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့ရှိ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူကို ပေါင်းကူးပေးရသောတာဝန်ကို အဓိကထမ်းဆောင်နေရသူများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ကြရာတွင် ပြည်သူလူထုက ယုံကြည်အားကိုးရသည့် ဝန်ထမ်းကောင်းများအဖြစ် ထာဝစဉ်ရပ်တည်ဆောင်ရွက်နိုင်အောင် အမြဲသတိပြု ကြိုးပမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက လုပ်ငန်းဆိုင်ရာများကို မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြိတ်မြို့ရှိ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း လူသွားစင်္ကြံအား ကွန်ကရစ်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရွှေစေတီသာသနာ့ရိပ်သာ အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၄

ပြင်ဦးလွင်မြို့ မြမာလာရပ် ရွှေစေတီသာသနာ့ရိပ်သာကြီး၏ (၂၄)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာနှင့် ဝိပဿနာ တစ်လ အထူးတရားစခန်းပွဲကို (၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၄ ရက်) ဧပြီ ၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်ကြမည့် ယောဂီများ၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ကြမည့်သူများသည် ဧပြီ ၈ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီအရောက်လာကြရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ပြင်ဦးလွင်မြို့ ရွှေစေတီသာသနာ့ရိပ်သာ ဖုန်း-၀၈၅-၂၉၀၁၉ နှင့် ၀၉၂၀ ၄၅၈၂၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ရှိ လူသွားစင်္ကြံနှင့်လမ်းများ အဆင့်မြင့်ရေးဆောင်ရွက်

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင်ဦးညီညီနှင့် ဌာနမှူးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်း လူသွားစင်္ကြံအား ကွန်ကရစ်ခင်းနေမှုကို လိုက်လံကြည့်ရှုစစ်ဆေး၍ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းဆုံမှ ဗိုလ်တထောင်ဘုရားလမ်းဆုံအထိ ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းနေမှုကိုလည်းကောင်း၊ လသာမြို့နယ် အနော်ရထာလမ်း လူသွားစင်္ကြံအား ကွန်ကရစ်ခင်းနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(၁၉)

အရှင်ကုန္ဒက၏ ဓမ္မသဘင်များ

ရန်ကုန် မတ် ၂၄

မြန်မာပြည် အရှင်ကုန္ဒက အရှင်သူမြတ်သည် မတ် ၂၆ ရက်တွင် သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ၊ မတ် ၂၆ ရက်မှ ၃၁ ရက်အထိ ကော့မှူးမြို့နယ် အောက်ကျောင်းရွာ ခုနစ်ရက်တရားစခန်းပွဲ၊ ဧပြီ ၆ ရက်တွင် တာမွေမြို့နယ် ဓမ္မာနန္ဒကျောင်းတိုက် ပဋ္ဌာန်းအောင်ပွဲ၊ မတ် ၃၀ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် သုံးခွကျေးရွာ ဗုဒ္ဓပူဇနိယပွဲ၊ ဧပြီ ၈ ရက်တွင် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ ဒုလ္လဘရဟန်းခံတရားပွဲ၊ ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ မော်လမြိုင်-မုတ္တမ ဓမ္မိကာရာမကျောင်းတိုက် သင်္ကြန်တရားစခန်းတို့တွင် ဓမ္မသဘင်ပွဲများ ဆင်ယင်ကျင်းပမည်ဖြစ်ရာ တရားပွဲဆက်သွယ်လိုလျှင် စံရိပ်ငြိမ်ကျောင်းတိုက် မြို့ဦးစေတီအနီး သုဝဏ္ဏ-သဃ်န်းကျွန်း ဖုန်း-၀၉-၅၁၆၈၈၂၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၃-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်၏ ဥပ္ပာတသန္တိ ပါဠိတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	ရုပ်မြင်ရသတေးစုကဏ္ဍ
၈:၀၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀	၆။	ရိုးရာအသွင်ဆန်း ကျေးလက်ရက်ကန်း
၈:၃၀	၇။	International News.
၈:၄၀	၈။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၅၅	၉။	**"သတိတစ်ချက် တစ်သက်အမှား" (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောကလျာလှိုင်)**
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၀	၂။	တပ်မတော်နေ့ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ
၄:၂၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၄:၃၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၄၀	၅။	ဆိုကြမယ်၊ ပျော်ကြမယ်
၅:၂၅	၆။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၅	၇။	ပြည်သူ့အတွက်တပ်မတော် (စက်မှု၊သားငါး၊သတ္တု၊ သစ်တော၊ကျန်းမာရေး၊ ပညာရေး၊သိပ္ပံနှင့်နည်းပညာ)
၆:၀၀	၈။	ညနေခင်းသတင်း
၆:၃၀	၉။	မိုးလေဝသအခြေအနေ
၆:၃၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၇:၂၀	၁၂။	**"အဖေတူသား"(အပိုင်း-၃) (ဇင်ဝိုင်း၊လူမင်း၊မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း(Examplez)၊ ပန်းဖြူ၊နန္ဒာလှိုင်၊သက်မွန်မြင့်၊ မေသဥ္ဇာဦး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၈:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**"အဖေတူသား"(အပိုင်း-၄) (ဇင်ဝိုင်း၊လူမင်း၊မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း(Examplez)၊ ပန်းဖြူ၊နန္ဒာလှိုင်၊သက်မွန်မြင့်၊ မေသဥ္ဇာဦး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
	၁၇။	အစီအစဉ်ပြီး၏။

သွင်ပြင်ထူးခြားခေတ်မီသော တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရန်စီစဉ်

နေပြည်တော် မတ် ၂၄

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် တည်ဆောက်ပြီးစီးသွားသည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားသည်။

ယင်းတိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ မြန်မာနိုင်ငံအတွင်းမှ ထင်ရှားသည့် တိရစ္ဆာန်များသာမက ပင်ဂွင်းငှက်၊ သားပိုက်ကောင်၊ ကျားဖြူစသည့် ကမ္ဘာ့ရှားပါးတိရစ္ဆာန်များအပြင် နို့တိုက်သတ္တဝါ၊ ကျေးငှက်သတ္တဝါ၊ တွားသွားသတ္တဝါများကို စုဆောင်း၍ စုံလင်စွာ ထည့်သွင်းပြသထားရာ စိတ်ဝင်တစားလေ့လာဖွယ်ရာကောင်းပြီး တိရစ္ဆာန်ပြကွက်များကို သဘာဝသစ်ပင်များ၊ သဘာဝရေကန်၊ ကျောက်တုံး၊ ကျောက်ဆောင်များအကြား ခေတ်မီအဆောက်အအုံများဖြင့် သေသပ်လှပစွာ တည်ဆောက်ပြသထားသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သည် ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးတွင် ကပ်လျက်တည်ရှိပြီး ကမ္ဘာလှည့်ခရီးသည်များနှင့်ပြည်သူများ စိတ်ဝင်တစားပျော်ရွှင်စွာ အပန်းဖြေနားနေရာတစ်ခုဖြစ်ကာ သဘာဝပတ်ဝန်းကျင်နှင့် ရုက္ခဗေဒဆိုင်ရာ ဗဟုသုတ တိုးပွားလိုသူများအတွက်လည်း တစုတစည်းတည်း လေ့လာနိုင်ကြမည့် တိရစ္ဆာန်ဥယျာဉ်ကြီးတစ်ခုဖြစ်သည်။

ထို့အပြင် တိရစ္ဆာန်လိမ္မာပြပွဲ၊ ဆင်လိမ္မာပြပွဲများကိုလည်း အထူးအစီအစဉ်ဖြင့် စီစဉ်ထားပြီး ဆင်စခန်းအတွင်း ဆင်စီးလှည့်လည်ခြင်း၊ ကားရထားများဖြင့် ဥယျာဉ်ပတ်လမ်းမှ လှည့်လည်ကြည့်ရှုနိုင်ခြင်း၊ ကလေးငယ်များအတွက် ခေတ်မီကစားကွင်းများ တည်ဆောက်ပေးထားခြင်းစသည့် စိတ်အပန်းဖြေစရာနေရာများ စီစဉ်ပေးထားရာ လေ့လာကြသူပြည်သူများ စိတ်ရွှင်လန်းကြည်နူးနှစ်သိမ့်မှု ရရှိနိုင်မည်ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားတွင် တေးဂီတဖြေဖျော်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ အများပြည်သူတို့အနေဖြင့် ဧပြီ ၁ ရက်မှ စတင်၍ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ဝင်ကြေးဖြင့် အပန်းဖြေ အနားယူလေ့လာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

➪ ကျောဖုံးမှ

ယမန်နေ့က စတင်ဖွင့်လှစ်သည့် နေပြည်တော် အငှားယာဉ်လုပ်ငန်းတွင် အသုံးပြုပြေးဆွဲမည့် Taxi မော်တော်ယာဉ်များသည် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ် (၂)သကြားစက်ရုံ (တောင်စဉ်အေး)မှ ထုတ်လုပ်သော Gasohol E. 25 ဖြင့် သုံးစွဲမောင်းနှင်သွားမည်ဖြစ်သည်။

အဆိုပါလောင်စာဆီကို အသုံးပြုခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုစေခြင်း၊ ရေနံအခြေခံတွင်းထွက် လောင်စာဆီများနေရာတွင် အစားထိုးအသုံးပြုနိုင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေခြင်း အကျိုးကျေးဇူးတို့ကို ရရှိစေမည်ဖြစ်သည်။

နေပြည်တော်တွင် စတင်ပြေးဆွဲမည့် Taxi မော်တော်ယာဉ်များတွင် နိုင်ငံတကာ၌ အသုံးပြုနေသော မီတာစနစ်တပ်ဆင်ထားခြင်းကြောင့် ခရီးအကွာအဝေးအတိုင်း ကုန်ကျစရိတ်ပေးချေနိုင်သဖြင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့အဆင်ပြေချောမွေ့စွာသွားလာနိုင်မည်ဖြစ်သည်။

ယမန်နေ့က ဖွင့်လှစ်သည့် နေပြည်တော် အငှားယာဉ်လုပ်ငန်းတွင် Taxi မော်တော်ယာဉ်အစီး ၂၀၊ စင်းလုံးငှား မော်တော်ယာဉ်အစီး ၃၀ ဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး ထပ်မံ၍ ယာဉ်စီးရေတိုးချဲ့ပြေးဆွဲရန်လည်း စီမံထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း စက်မှု(၁) အထူးဈေးရောင်းပွဲတော် တက်ရောက်အားပေး

ရန်ကုန် မတ် ၂၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက် နံနက် ၈နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် သံသုမာ အားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန တောင်ဥက္ကလာပမြို့နယ် သံသုမာအားကစားကွင်း၌ ကျင်းပသည့် အထူးဈေးရောင်းပွဲတော် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းနောင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်တို့က အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အထူးဈေးရောင်းပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် အထူးဈေးရောင်းပွဲတော်အတွင်း အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို မတ် ၂၂ရက်မှ ၃၁ရက်အထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းခြောက်ခုမှ အရောင်းပြခန်းခြောက်ခန်း၌ ကုန်ပစ္စည်း ၄၆၅ မျိုး ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လမ်းမတော်မြို့နယ် ပြည်လုံးချမ်းသာ မဟာဝိဇ္ဇူက စေတီတော်ဝင်းအတွင်းရှိ နာဂသတ္တမဟာသုခမုနိ ပြည်လုံးချမ်းသာ နဂါးရုံဘုရား အနေကဇာတင်ပူဇော်ပွဲနှင့် အလှူရှင်များ အလှူငွေပေးအပ်ပွဲကို တပေါင်းလပြည့်နေ့က ကျင်းပရာ စေတီတော် ဘက်စုံပြုပြင်ရေးအတွက် အလှူရှင်များက ငွေကျပ် ၄၆သိန်း လှူဒါန်းခဲ့ကြပြီး လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် ဇနီး ဒေါ်တင်တင်မူ မိသားစုက စေတီတော်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒင်သို့ ငွေကျပ် တစ်သိန်းလှူဒါန်းစဉ်။ (၄၃)

သက်တော်ရှည်ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲ

ရန်ကုန် မတ် ၂၄

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဓမ္မယုတ္တိက နိကာယသံဃရာဇာ၊ မဟာရင်ဂိုဏ်းချုပ်၊ မော်လမြိုင်မြို့နယ် ကတိုးစံပြကျေးရွာ မဟာရင်ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တအာဒိစ္စ မဟာထေရ်မြတ်၏ သက်တော် (၉၀)ပြည့် သက်တော်ရှည်ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) မတ် ၂၂ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဓမ္မာရုံကြီး၌ ကျင်းပရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ သံဃနာယကဆရာတော်ကြီးများနှင့် တပည့်သံဃာတော် အပါး ၁၀၀ကျော်၊ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မှ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော် ဩဝါဒခံယူကြကြောင်း သိရှိရသည်။ **(အပေါ်ယာပုံ)** (ကြေးမုံ)

မန္တလေးအသင်း(ရန်ကုန်) ဂုဏပူဇာသဘင်အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၄

သာသနာတော်ဆိုင်ရာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိသည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရာဘိဝံသနှင့် အမရပူရ ယဉ်တော်ရပ် ဝိသုဒ္ဓါရုံရှေ့ဦး ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တကုသလာဘိဝံသတို့အား မန္တလေးအသင်း(ရန်ကုန်)က ဂုဏပူဇာ ချီးကျူးပူဇော်ပွဲကို မတ် ၂၂ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း(ရန်ကုန်) ရတနာပုံခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာဂရာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မန္တလေးအသင်းဥက္ကဋ္ဌ ဦးမြသောင်းနှင့် နာယကများ၊ အမှုဆောင်များနှင့် အသင်းသူ၊အသင်းသားများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ထို့နောက် ဂုဏပူဇာသဘင်ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ညွန့်က ချီးကျူးပူဇော်ပွဲ ကျင်းပခြင်းကို လျှောက်ထားပြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာဂရာဘိဝံသက သာဓုအနုမောဒနာ တရား ဟောကြားချီးမြှင့်၍ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

တပ်မတော်(အငြိမ်းစား)ဘောလုံးနည်းပြများအား အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၄

စတုတ္ထအကြိမ်မြောက် တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြများအား တပ်မတော် ဘောလုံးသမားဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၂၁ ရက် နံနက်၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပရာ ရှေးဦးစွာ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးစိုးမြင့်အောင်က အမှာစကားပြောကြားပြီး တပ်မတော်ဘောလုံးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးတင့်ဇော်က အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ဘောလုံးကော်မတီ အဆက်ဆက်၌ တာဝန်ယူခဲ့ကြသော ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြ ၂၁ ဦးတို့အား တပ်မတော်ဘောလုံးသမားဟောင်းများက ပူဇော်ကန်တော့ကြပြီး အားကစားဝတ်စုံနှင့် ငွေသားလက်ဆောင်များကို ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံဆရာကြီးများကိုယ်စား ဦးတင်ကြည်နှင့် ဗိုလ်မှူးကြီး သန့်ဇင်(အငြိမ်းစား)တို့က ဩဝါဒစကား ပြောကြားကြပြီး တပ်မတော်ဘောလုံးအသင်း အောင်မြင်ရေးနှင့် စပ်လျဉ်း၍ တပ်မတော် ဘောလုံးကော်မတီဥက္ကဋ္ဌကိုယ်စား တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ ဒုတိယကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းက အမှာစကားပြောကြားသည်။ (သတင်းစဉ်)

Horizon League ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Horizon Int'l Education Center တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇-၂၀၀၈ ရာသီ Horizon League ဘတ်စကက်ဘောပြိုင်ပွဲကို မတ် ၁၆ရက် မွန်းလွဲပိုင်းမှစ၍ ကျိုက္ကဆံ မိုးလုံလေလုံအားကစားရုံတွင် ဆက်လက်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် KKSအသင်းက Furious အသင်းကို (၁၀၁-၄၅)မှတ်၊ Blue Boy အသင်းက The Gyuts အသင်းကို (၈၀-၇၄)မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် Ballababies အသင်းက Precious အသင်းကို (၄၁-၂၈)မှတ်တို့ဖြင့် အနိုင်ရရှိသွားကြသည်။

ယနေ့ပွဲအပြီးတွင် အမျိုးသားပြိုင်ပွဲ၌ KKS အသင်းက ခုနစ်ပွဲကစား ခုနစ်ပွဲနိုင်သဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး Cow Boy, Red Star နှင့် Blue Boy အသင်းက ငါးပွဲကစား၊ ငါးပွဲနိုင်ကာ နောက်မှ လိုက်လျက်ရှိသည်။ အမျိုးသမီး ပြိုင်ပွဲတွင် Kandawglay နှင့် Sky တို့က နှစ်ပွဲကစား နှစ်ပွဲနိုင်ထားပြီး Ballababies က သုံးပွဲကစား တစ်ပွဲနိုင် နှစ်ပွဲရှုံးထားသည်။ (ကြေးမုံ)

အမျိုးသမီးပြိုင်ပွဲတွင် Balla - babies အသင်းနှင့် Precious အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (ကြေးမုံ)

စစ်တွေကောလိပ် ကျောင်းသားဟောင်းများ မိတ်ဆုံပွဲ

ရန်ကုန် မတ် ၂၄

စစ်တွေကောလိပ် ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ် မိတ်ဆုံစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၈ ရက်(သောကြာနေ့) ညနေ ၆နာရီတွင် ကန်တော်ကြီး Western Park Royal Lake ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ၏ သားသမီးများ တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ငါးဘာသာနှင့်အထက် ဂုဏ်ထူးရသူ စာရင်းများ ပေးပို့ရန်နှင့် ညစာစားပွဲ တက်ရောက်လိုသူများ ဦးဇော်အေးမောင် ဖုန်း-၅၅၃၂၅၅၊ လီလီဖ ဖုန်း-၂၄၆၀၀၇၊ ကျော့မြခင် ဖုန်း-၂၅၃၉၃၂၊ မောင်မောင်ကျော် ဖုန်း-၀၉-၅၁-၇၁၉၅၁၊ တင်မြင့်ခိုင် ဖုန်း-၃၈၆၈၉၁၊ ထွန်းဝင်း ဖုန်း-၂၅၃၇၀၇၊ လှသာစိန် ဖုန်း-၂၄၃၉၀၂၊ မခိုင်ခိုင်ဇံ ဖုန်း-၅၁၀၅၂၀၊ ထွန်းရွှေသိန်း ဖုန်း-၀၉-၅၁-၂၃၁၆၆၊ သာထွန်းလှ ဖုန်း-၇၂၁၇၂၈နှင့် ကြည်ဝင်း ဖုန်း-၅၅၂၃၈၀ တို့သို့ ဆက်သွယ်ကြရန်နိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မုဒုံမြို့နယ် သကြၤန်မှအဓိဋ္ဌာန်ပြုပွဲ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၄

မွန်ပြည်နယ် မုဒုံမြို့နယ်မြို့မ ၄ရပ်ကွက်ရှိ ရေတောင်တောရ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝရ၏ သကြၤန်မှ အဓိဋ္ဌာန်ပြုပွဲ ခုနစ်ရက် တရားစခန်းသင်ကြားပို့ချမှုကို ဧပြီ ၁၂ရက် ည ၇နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဧပြီ ၁၈ရက်အထိ အဓိဋ္ဌာန်ပြုပွဲကျင်းပသွားမည်ဖြစ်သည်။ အဓိဋ္ဌာန်ပြုလိုသူများသည် ဆရာတော် ဘဒ္ဒန္တပညာဝရ ဖုန်း-၀၅၇-၇၀၈၃၆ သို့မည်သူမဆို စာရင်းသွင်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

သကြၤန်တွင်း အလိုတော်ပြည့် တရားစခန်း

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်၌ (၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၆ ရက်မှ တန်ခူးလဆန်း ၁၂ ရက်) ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ပြည်တွင်း၊ ပြည်ပ သာသနာပြု ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ အလိုတော် ပြည့်ဆရာတော်ကြီးကိုယ်တိုင် ဝိပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရား ဟောကြားပြသမည် ဖြစ်သဖြင့် တရားစခန်း ဝင်ရောက်လိုသော ယောဂီများ ဧပြီ ၁၀ရက် ညနေ ၄နာရီအရောက် ဝင်ရောက်ရမည် ဖြစ်သည်။ အသေးစိတ်သိလိုပါက ဂေါပကရုံး ဖုန်း-၅၄၈၈၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့် ဇီဝဆေးသိပ္ပံ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၄

အရှိန်အဟုန်ဖြင့်ပြောင်းလဲတိုးတက်လာသော ဆေးသိပ္ပံပညာနယ်ပယ်အသီးသီး၏ သုတ နှင့် အရည်အသွေးပြည့်ဝသော ပညာရှင်များစွာအတွက် ဆွေးနွေးပွဲတစ်ရပ်ကို မကြာမီကျင်းပမည်ဖြစ်သည်။

ယနေ့ခေတ် ရောဂါရှာဖွေခြင်း၊ ကုသခြင်း၊ ကာကွယ်ခြင်းတို့အတွက် နည်းလမ်းသစ်များ ဖော်ထုတ်ခြင်းသည် လူ့ကိုယ်ခန္ဓာအတွင်းရှိ မော်လီကျူးများ၊ ဆဲလ်များမှအစပြု၍ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုစီမှသည် ကိုယ်ခန္ဓာတစ်ခုလုံး၏ လုပ်ဆောင်မှုအဆင့်ဆင့်ဆိုင်ရာ ဇီဝဆေးသိပ္ပံ ပညာရပ်များကို ကောင်းစွာတတ်သိခြင်းအပေါ်များစွာမူတည်သည်။

ယင်းပညာရပ်သည် ကိုယ်ခန္ဓာအစိတ်အပိုင်းအစားထိုးကုသခြင်း၊ မျိုးရိုးဗီဇပြုပြင်ပြောင်း လဲခြင်း၊ ကင်ဆာရောဂါ၊ မျိုးရိုးလိုက်တတ်သော ရောဂါများနှင့် ကူးစက်ရောဂါအမျိုးမျိုးတို့ကို တိုက်ဖျက်ကုသခြင်း နည်းဗျူဟာများအတွက် ကျောထောက်နောက်ခံပြုပေးသော ပညာရပ်လည်း ဖြစ်သည်။

အဆိုပါ ဇီဝဆေးသိပ္ပံပညာရပ်များအား ကိုယ်ခန္ဓာခုခံအားစနစ်၊ ဟော်မုန်းထုတ်လုပ်မှု စနစ်နှင့်သက်ဆိုင်သော ရောဂါများ၊ သွေးရောဂါအမျိုးမျိုးတို့၏ ဆဲလ်နှင့်မော်လီကျူးအဆင့် အသေးစိတ်ရောဂါဖြစ်စဉ်များရှာဖွေခြင်းနှင့် ကုထုံးများ စသည်တို့နှင့်ပတ်သက်၍လည်း လေ့လာဆည်းပူးရမည်ဖြစ်သည်။

၎င်းအပြင် ဆေးသိပ္ပံပညာနယ်ပယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဆေးဝါးများ၏ အရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊ ဆေးဝါးများထုတ်လုပ်ဖြန့်ဖြူးစီမံခန့်ခွဲခြင်း၊ ဖြစ်ပေါ် ပြောင်းလဲလာသော ရောဂါသစ်များနှင့် ဓာတုဆေးဝါးများ ပေါင်းစပ်ထုတ်လုပ်ခြင်း စသည့် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်သည်လည်း ရောဂါကုသရေး၏ အရေးကြီးဆုံးသော ပညာရပ်တစ်ခုလည်းဖြစ်သည်။

အဆိုပါ ဆေးသိပ္ပံပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေ မည့် ဆွေးနွေးပွဲတစ်ရပ်ကို AT&S Co.,Ltd. မှ ဦးဆောင်၍ မတ် ၂၉ရက်၊ (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ Park Royal ဟိုတယ် Grand Ballroom တွင်လည်းကောင်း၊ မတ် ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ ၁၂နာရီအထိ မန္တလေးမြို့ Hotel Mandalay ဟိုတယ်၏ စံပယ်ဖြူခန်းမတွင်လည်းကောင်း အသီးသီးကျင်းပပေးသွားမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် Health Sciences Authority (Ministry of Health, Singapore) ၏ Professor Dr. Christophar Syn (Ph.D.,National University of Singapore) CBiol &MIBiol (UK),MASM (Australia),MASBMB(U.S.A) မှ "ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့် ဇီဝဆေးသိပ္ပံ"ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဆရာဝန်များ၊ ဆေးဘက်ပညာကျွမ်းကျင်ပညာရှင်များ၊ ဆေးဝါး ကျွမ်းကျင်ပညာရှင်များ၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ တက်ရောက်နိုင်ကြပြီး ဆွေးနွေးပွဲတက်ရောက်လိုပါက အဆောင်(၅)၊ အခန်း(၄)၊ မြန်မာအင်ဖို တက်ခ်၊ ဖုန်း-၆၅၂၂၅၈၊ ၆၅၂၂၈၈၊ ၆၅၂၃၂၀ သို့ ဆက်သွယ်မေးမြန်း၍ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မီးလောင်မှုများ ဒေသအချို့၌ဖြစ်ပွား

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ်(၁၆၅)ရှိ ဦးအောင်ကျော်စန်း (ဘ) ဦးကျော်စန်းပိုင် မွေ့ရာဆိုင်သွပ်မိုးပျဉ်ထောင်နှစ်ထပ် အဆောက်အအုံတွင် မတ် ၂၁ရက်က မီးအားမြှင့်စက်တင်ထားရာမှ ည ၈နာရီ ၄၅မိနစ်ခန့်တွင် မီးချောင်းများပေါက်ကွဲ၍ မီးစတင်လောင်ကျွမ်းသည်။ ည ၈နာရီ မိနစ် ၅၀တွင် သတင်းအရ မီးသတ်ယာဉ် ၃၈စီး၊ အုပ်ချုပ်မှုယာဉ် ၁၀စီး၊ မီးသတ်တပ်ဖွဲ့ဝင်အင်အား ၄၀၀ကျော်တို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၀နာရီ မိနစ်၅၀တွင် မီးငြိမ်းသွားသည်။

မန္တလေး

မတ် ၂၂ရက် ညနေ ၄နာရီ ၅မိနစ်ခန့်က မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရွာမရပ်ကွက်ရှိ အိမ်ရှင်ဦးထွေး၏ နေအိမ်တွင် ခြင်ဆေးခွေမှ မီးစတင်လောင်ကျွမ်းရာ အိမ်ခြေ ၃၉၄ လုံး မီးကူးစက်လောင်ကျွမ်းခံရပြီး လူဦးရေ ၁၇၇၆ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

မတ် ၂၂ရက် ည ၇နာရီခန့်က မကွေးမှ ရန်ကုန်သို့ ထွက်ခွာသည့် ဖူဆိုအမျိုးအစား အဝေးပြေးခရီးသည်တင်ယာဉ်သည် မကွေးမှ ၂၁မိုင်အကွာ မြင်ကွန်းလမ်းခွဲ စိုင်ကျကျေးရွာအနီးတွင် အင်ဂျင်ဝါယာရှော့ဖြစ်ရာမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားသည်။ ည ၇နာရီ ၃၇မိနစ်တွင် သတင်းရရှိခဲ့ပြီး မီးသတ်ယာဉ်တစ်စီး၊ မီးသတ် တပ်ဖွဲ့ဝင်ငါးဦးတို့ဖြင့် ထွက်ခွာငြိမ်းသတ်ရာ ည ၁၀နာရီ မိနစ် ၅၀တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့်ကားနှင့်ကားပေါ်ပါပစ္စည်းများ မီးလောင် ဆုံးရှုံးခဲ့ပြီး လူတစ်ဦးမျှ ထိခိုက်သေဆုံးမှု မရှိကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

လမ်းမတော်လမ်း အမှတ်(၁၆၅) မွေ့ရာဆိုင် မီးလောင်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်စဉ်။
(ဓာတ်ပုံ-ကြေးမုံ)

မိုးကုတ်ဝိပဿနာ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင် (၁၁)ရပ်ကွက် (ရန်ကုန်-သန်လျင်တံတားထိပ်) တိုင်းရင်းသားကျေးရွာအနီး နဝရတ်လမ်း မိုးကုတ်ဝိပဿနာ ပညာရာမကျောင်းတိုက်၏ (၁၅)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ သင်္ကြန်တွင်းခုနစ်ရက်တရားစခန်းကို ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ပဓာနနာယက ပဋ္ဌာန်းဆရာတော် ဦးခမ္မိက(ဓမ္မာစရိယ) အဖွဲ့ချုပ်ဓမ္မကထိကနှင့် ဆရာကြီး ဦးအောင်မွန်(သုဝဏ္ဏ)အဖွဲ့ချုပ် ဓမ္မကထိကတို့က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ ဧပြီ ၁၁ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မလေးရှားသို့ထွက်ခွာ

ရန်ကုန် မတ် ၂၄

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် မတ် ၂၄ရက်မှ ၂၅ရက်အထိ ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ်အစည်းအဝေးသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မတ် ၂၃ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

အစည်းအဝေး ပထမနေ့တွင် အာရှဘောလုံးအဖွဲ့ချုပ်၏ ဘဏ္ဍာရေးနှင့်ဈေးကွက်ရှာဖွေရေးကော်မတီ ပြိုင်ပွဲကျင်းပရေးကော်မတီ အစည်းအဝေးများကို ကျင်းပမည်ဖြစ်ပြီး ဒုတိယနေ့တွင် အမှုဆောင်အဖွဲ့ဝင်များ၏ အစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင် ကော်မတီဝင်တစ်ဦးဖြစ်သည့်အပြင် ဘဏ္ဍာရေးနှင့်ဈေးကွက်ရှာဖွေရေး ကော်မတီဝင်တစ်ဦးလည်းဖြစ်သည်။ (ကြေးမုံ)

မီးကိုကြိုတင် ကာကွယ်မှုဖြင့် အနိုင်ယူပါ

"သတိပေးနှိုးဆော်ချက်"

ရန်ကုန်မြို့တော်အတွင်း၌ ကုန်ပစ္စည်းတင်ဆောင်ပြေးဆွဲလျက်ရှိသော ကုန်သေတ္တာယာဉ်များသည် သက်ဆိုင်ရာ ကုန်သေတ္တာစခန်းများဖြစ်သော အေးရှားဝေါလ်ကုန်သေတ္တာစခန်း၊ စက်မှုဆိပ်ကမ်း ကုန်သေတ္တာစခန်း၊ ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်း၊ သီလဝါကုန်သေတ္တာစခန်းတို့မှ စက်မှုဇုန်များနှင့်စက်ရုံများသို့ ကုန်သေတ္တာများသယ်ယူ ပို့ဆောင်ရာတွင် အသုံးပြုရမည့် လမ်းကြောင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လှိုင်သာယာ စက်မှုဇုန် ➪ ကမ်းနားလမ်း၊ ဘုရင့်နောင်လမ်း၊ ဘုရင့်နောင်ပေါက်တော်ဝမီးပွိုင့်မှ အောင်ဇေယျတံတားအား ဖြတ်ပြီး လှိုင်သာယာစက်မှုဇုန်။

(၂) ရွှေလင်ပန်း စက်မှုဇုန် ➪ ကမ်းနားလမ်း၊ ဘုရင့်နောင်လမ်း၊ အောက်မင်္ဂလာဒုံလမ်း၊ ဒညင်းကုန်းလမ်းဆုံမှရွှေပြည်သာ တံတားအားဖြတ်ပြီး ရွှေလင်ပန်းစက်မှုဇုန်။

(၃) ရွှေပြည်သာ စက်မှုဇုန် ➪ (က) ကမ်းနားလမ်း၊ ဘုရင့်နောင်လမ်း၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် ၄လမ်းမှ ရွှေပြည်သာ စက်မှုဇုန်။
(ခ) ကမ်းနားလမ်း၊ ဘုရင့်နောင်လမ်း၊ ပုလဲလမ်း(ကွန်ကရစ်လမ်း)မှ ရွှေပြည်သာစက်မှုဇုန်။

(၄) မင်္ဂလာဒုံ ပျဉ်းမပင် စက်ရုံများ ➪ (က) ကမ်းနားလမ်း၊ ဘုရင့်နောင်လမ်း၊ အောက်မင်္ဂလာဒုံလမ်း၊ ခရေပင်လမ်း၊ အမှတ် (၃) လမ်းမကြီးမှ ပျဉ်းမပင်စက်ရုံများသို့
(ခ) ကမ်းနားလမ်း၊ ဗိုလ်တထောင်ဘုရားလမ်း၊ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလတံတား၊ ရှုခင်းသာလမ်း၊ ကမာကြည်တံတားမှ သံသုမာလမ်း၊ ပြည်ထောင်စုခုံးကျော်တံတား သုခမ္မာလမ်း၊ အမှတ်(၃)လမ်းမကြီးမှ ပျဉ်းမပင်စက်ရုံများသို့။

(၅) တောင်ဒဂုံ စက်မှုဇုန်များ ➪ (က) ကမ်းနားလမ်း၊ ဗိုလ်တထောင်ဘုရားလမ်း၊ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလတံတားအား ဖြတ်၍ ရှုခင်းသာလမ်း၊ သာကေတအဝိုင်း၊ ကမာကြည်တံတား၊ သံသုမာလမ်း၊ အမှတ်(၂) လမ်း၊ ပြည်ထောင်စုလမ်းမကြီးမှ တောင်ဒဂုံ စက်မှုဇုန်များသို့။
(ခ) ကမ်းနားလမ်း၊ ဗိုလ်တထောင်ဘုရားလမ်း၊ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလတံတားအား ဖြတ်၍ ရှုခင်းသာလမ်း၊ ရတနာလမ်း၊ ဆိပ်ကမ်းသာလမ်း၊ ရောဝဏ်လမ်းမှ တောင်ဒဂုံစက်မှုဇုန်များသို့။

(၆) ဒဂုံဆိပ်ကမ်း စက်မှုဇုန်များ ➪ ကမ်းနားလမ်း၊ ဗိုလ်တထောင်ဘုရားလမ်း၊ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလတံတားအား ဖြတ်သန်း၍ ရှုခင်းသာလမ်း၊ ရတနာလမ်း၊ ပဲခူးမြစ်လမ်း၊ ကနောင်မင်းသားကြီးလမ်းမှ ဒဂုံဆိပ်ကမ်းစက်မှုဇုန်များသို့ သယ်ယူပို့ဆောင်ရမည်ဖြစ်ပါသည်။

မှတ်ချက်။ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း မောင်းနှင်ခြင်းမရှိသော ကုန်သေတ္တာတင်ယာဉ်များအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၃-၂၀၀၈(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၃၅	၈။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆:၃၀	၁၄။	**(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် -အဖေတူသား(ဇာတ်သိမ်း) ဒါရိုက်တာ-အကယ်ဒမီပန်းချီစိုးမိုး သရုပ်ဆောင်-အကယ်ဒမီမင်းမော်ကွန်း၊ ထွန်းထွန်း၊ အကယ်ဒမီအောင်ခိုင်၊ အကယ်ဒမီနန္ဒာလှိုင်၊ အကယ်ဒမီပန်းဖြူ**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မွေးမြူသုတ
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘဝဇာတ်ခုံ (အပိုင်း-၃)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

ထူးခြားသည့် နေ့အပူချိန်များ

(၂၄-၃-၂၀၀၈)

မင်းဘူး-၄၁ ဒီဂရီ စင်တီဂရိတ် (၁၀၆ ဒီဂရီ ဖာရင်ဟိုက်)

နေပြည်တော် ပျဉ်းမနား၊ ချောက်၊ အောင်လံ၊ တောင်တွင်းကြီး၊ ပြည်နှင့် ပဲခူး-၃၉ ဒီဂရီ စင်တီဂရိတ်စီ (၁၀၂ ဒီဂရီ ဖာရင်ဟိုက်စီ)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　မတ်　　၂၅

၂၀၀၈ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကော့စ်တပ်စ်ကာရာမန်လစ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နေပြည်တော်အငှားယာဉ်လုပ်ငန်း ရုံးသစ်ဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းစတင်ခြင်း အခမ်းအနားကျင်းပ မီတာစနစ်တပ်ဆင်ထားခြင်းကြောင့် ခရီးအကွာအဝေးအတိုင်း ကုန်ကျစရိတ်ပေးချေနိုင်

နေပြည်တော်　　မတ်　　၂၄

Max Myanmar Co.,Ltd. ၏ နေပြည်တော် အငှားယာဉ်လုပ်ငန်းရုံးသစ်ဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းစတင်ခြင်းအခမ်းအနားကို ယမန်နေ့ညနေ ၅နာရီတွင် နေပြည်တော်သပြေကုန်းဈေးရှိ ရုံးသစ်အဆောက်အအုံရှေ့၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အားပေးသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် Max Myanmar Co.,Ltd. ၏ နေပြည်တော်အငှားယာဉ်လုပ်ငန်း ရုံးသစ်ဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းစတင်ခြင်းအခမ်းအနားကို တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွန့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ Max Myanmar Co.,Ltd.ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Max Myanmar Group of Companies မှ S.E.O ဦးသန်းဇော်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးထွန်းကြည်နှင့် Max Myanmar Group of Companies မှ ဒါရိုက်တာ(လုပ်ငန်း) ဦးအုန်းကျော်တို့က နေပြည်တော်အငှားယာဉ်လုပ်ငန်း စတင်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ⇨

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

(ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဖွံ့ဖြိုးရေး ဓာတ်ပုံကဏ္ဍအညွှန်း)

☆ **"အနာဂတ်မြန်မာ့နိုင်ငံရေးခရီးလမ်းကို ဆူးခင်းလမ်းအဖြစ်မှ ပန်းခင်းလမ်းဖြစ်အောင် ဖော်ဆောင်ပေးသွားမည့် အခြေခံအုတ်မြစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပင်ဖြစ်သည်။ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အာမခံချက်ပေးထားသည်။ တိုင်းရင်းသားအားလုံး၏ အဆင့်အတန်းနှင့် အခွင့်အလမ်းကို တန်းတူညီမျှ ပွင့်လန်းရရှိအောင် လမ်းဖွင့်ပေးထားသည်။"**
စိုင်းသီဟ၏ **"ပန်းမွေ့ရာ ရွှေကော်ဇော"** (ဆောင်းပါး) — စာမျက်နှာ–၆၊၇

☆ လင်းအောင်(ဇီးကုန်း)၏ **"ပြည်ထောင်စုအတွက် ခရီးဆက်သည့် တပ်မတော်"** (ကဗျာ) — စာမျက်နှာ–၇

☆ မင်းဦး(ဒသဃန)၏ **"အမျိုးသားနိုင်ငံရေး"** (ကာတွန်း) — စာမျက်နှာ–၇

☆ **"တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကျန်းမာရေးကဏ္ဍ"** (ဓာတ်ပုံကဏ္ဍ) — စာမျက်နှာ–၈